ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်၊ တနင်္ဂနွေနေ့၊ (4-4-2004) (၄၁၉၆)

ယနေ့ထုတ်စောင်ရေ ၁၉၇၀၁၅

အပ္ပမာဒေါ စ ဓမ္မေသု တော် မင်္ဂလ မုတ္တမံ။

တရား၌ မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ တိုးပွားအောင် တစ်မျိုးသားလုံး ကြိုးပမ်းအားထုတ်
မြန်မာနိုင်ငံ၏ထုတ်ကုန်များကို အရည်အသွေးရော ဈေးနှုန်းအရပါ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကြိုတင်ပြင်ဆင်
သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများကို စီးပွားရေးကဏ္ဍအသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းချုပ်အောက်ရှိ ပြည်နယ်နှင့်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများ၊ နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းများ၊ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက်အသင်းများမှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီလီမိတက်များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေ ၄နာရီတွင် အမျိုးသားဇာတ်ရုံသို့ ရောက်ရှိလာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✥

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၄-၄-၂၀၀၄
(တနင်္ဂနွေနေ့)

ပျော့ဖတ်နှင့်စက္ကူစက်ရုံများ တည်ဆောက် ကုန်ကြမ်း စဉ်ဆက်မပြတ်ရရှိရေး စီမံဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မား လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် စီးပွားရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်း ပေးလျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ချမှတ် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် ပြည်နယ်နှင့်တိုင်းအနှံ့ အောက်ခြေဒေသများအထိ သွားရောက်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကို စီမံ ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင် များလိုက်ပါလျက် မတ်လ ၃၁ ရက်နှင့် ဧပြီလ ၁ ရက်နေ့တို့၌ ဧရာဝတီတိုင်းအတွင်း သွားရောက်ခဲ့သည့် ခရီးစဉ်တွင် သာပေါင်း မြို့နယ်ရှိ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ငဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်း နှင့် ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)သို့ရောက်ရှိစဉ် စီမံကိန်း ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ **စက်ရုံသို့ ကုန်ကြမ်းဝါးများ အချိန်မီသယ်ယူရောက်ရှိရေးအတွက် နည်းလမ်းများ ရှာကြံထားရမှာဖြစ်သကဲ့သို့ လိုအပ်သောကုန်ကြမ်းဝါး စဉ်ဆက်မပြတ် ရရှိစေရေးအတွက်လည်း စီမံချက်ချမှတ်၍ ဝါးစိုက်ခင်း၊ သစ်စိုက်ခင်း များ စနစ်တကျစိုက်ပျိုးထူထောင်သွားကြရမည်ဖြစ်ကြောင်း၊ ထွက်ရှိ လာသည့် ပျော့ဖတ်နှင့် စက္ကူများ သုံးစွဲသူများထံ မြန်မြန်ဆန်ဆန် ရောက်ရှိရေးအတွက်လည်း သယ်ယူပို့ဆောင်ရေးအစီအမံများကို ကြိုတင် စဉ်းစားထားရန်လိုကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)ကို သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး၌ တည်ဆောက်လျက် ရှိသည်။ အဆိုပါစက်ရုံစီမံကိန်းနှင့်အတူ တစ်နေ့တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံစီမံကိန်း(သာပေါင်း)၊ တစ်နေ့တန် ၆၀ သတင်းစာစက္ကူ စက်ရုံ စီမံကိန်း(သာပေါင်း)နှင့် မီးထိုးဆီသိုလှောင်ကန်စက်ရုံ တည် ဆောက်ရေးစီမံကိန်းများကို ဆက်စပ် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရသည်။

တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံမှာ ကြီးမားသည့် စက်ရုံကြီး တစ်ခုဖြစ်၍ စက်ရုံကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ကိုင်တွယ် လည်ပတ် ကုန်ထုတ်လုပ်နိုင်ရေး၊ ကုန်ကြမ်းပစ္စည်းများပြည့်စုံရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

အထူးသဖြင့် ပျော့ဖတ်စက်ရုံအတွက် လိုအပ်သည့်ကုန်ကြမ်း ဝါးများ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် စီမံချက်များ ချမှတ်၍ ဝါးစိုက်ခင်း၊ သစ်စိုက်ခင်းများ စနစ်တကျ စိုက်ပျိုးထူထောင်သွားကြ ရမည်ဖြစ်သည်။ ထို့အပြင် စက်ရုံကြီး လည်ပတ်ထုတ်လုပ်သည့်အခါ တွင် ပျော့ဖတ်နှင့်စက္ကူများ သုံးစွဲသူများထံ လွယ်ကူလျင်မြန်စွာ ရောက်ရှိစေမည့် သယ်ယူပို့ဆောင်ရေးအစီအမံများကိုလည်း ကြိုတင်စီမံ ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း စက်ရုံအသစ်များ တည်ဆောက်ခြင်း နှင့်အတူ ဒေသဖွံ့ဖြိုးရေးအကျိုးပြုလမ်း၊ တံတားများစွာကိုလည်း တည်ဆောက်လျက်ရှိရာ ငဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေး စီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ပုသိမ်တံတားသည် ပုသိမ်–ရွှေမြင်တင်–ဝါးယားချောင်းလမ်းပေါ်၌တည်ရှိပြီး တံတားအရှည်ပေ ၂၁၄၀ ရှိမည်ဖြစ်သည်။ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေကြောင်းသိရသည်။

ဟိုင်းကြီးကျွန်းဒေသသည် နိုင်ငံတော်၏ ပင်လယ်ပြင်နယ်နိမိတ် နှင့် ဆက်စပ်တည်ရှိနေသည်ဖြစ်ရာ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။ ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးရေးကိုသာမက ဆက်စပ်လျက်ရှိသော ပတ်ဝန်းကျင်နယ်မြေဒေသများ ဖွံ့ဖြိုးရေး၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးလုပ်ငန်း များကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဧရာဝတီတိုင်းခရီးစဉ်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သော စက်ရုံများ၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ဖွယ်ရာ လမ်းညွှန်မှာကြားချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက အလေးအနက်ထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား

တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံတွင် လေ့လာရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ် သတင်းစာ အယ်ဒီတာအဖွဲ့–အဖွဲ့ဝင် မစ္စတာလျိုကျန်းမိန် ခေါင်းဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးရုံးဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးပွားလာစေရေး၊ သတင်းဖလှယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)



တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံ တွင် လေ့လာရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမား နေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့–အဖွဲ့ဝင် မစ္စတာလျိုကျန်းမိန်နှင့်အဖွဲ့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာကုန်စည်ပြပွဲ– ၂၀၀၄ ဒုတိယနေ့ခင်းကျင်းပြသ

ရန်ကုန် ဧပြီ ၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co.,Ltd က စီစဉ် ခင်းကျင်းပြသသည့် မြန်မာ့နှစ်သစ်ကူး အကြို မြန်မာကုန်စည်ပြပွဲ–၂၀၀၄ကို ယနေ့ ဒုတိယမြောက်နေ့အဖြစ် ရန်ကုန် မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက် ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၌ ဆက်လက်ခင်းကျင်းပြသ လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ကျောင်းသူများနှင့်ပြည်သူ များ၊ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသူများဖြင့် စည်ကားလျက် ရှိသည်။

ပြပွဲတွင် Great Summit International Service Co., Ltd ၏ (၂၁)ရာစု ခေတ်မီကိုရီးယား လာမီနိတ် ရောင်စုံကြမ်းခင်းများ ပြခန်း၊ Tong Tah ကုမ္ပဏီလီမိတက်၏ ဂျပန်၊ အီတလီ၊ အင်ဒိုနီးရှားနှင့် ဂျာမနီနိုင်ငံ တို့မှ ထုတ်လုပ်သော စက်ပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး ပစ္စည်းများ ပြခန်း နှင့်အလှကုန်၊ လူသုံးကုန်ပစ္စည်းများ ပြခန်းများ၊ လျှပ်စစ်နှင့် အီလက်ထရော နစ်ပစ္စည်းများ ပြခန်းတို့ကို Star Entertainment Co., Ltd ၏ ကုန်ပစ္စည်း ကြော်ငြာသရုပ်ပြပွဲ၊ တက်သစ်စ အနုပညာရှင်အဖွဲ့ ဖျော်ဖြေ ရေး အစီအစဉ်များဖြင့် ပူးတွဲပြသ ရောင်းချလျက်ရှိသည်။ ယင်းပြပွဲကို ဧပြီ ၅ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ပြသ သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာကုန်စည်ပြပွဲ–၂၀၀၄တွင် (၂၁)ရာစု ခေတ်မီ ကိုရီးယား လာမီ နိတ်ကြမ်းခင်းများ ပြခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဥသြသံနှင့်သင်္ကြန်အတွေး

* ဥသြတွန်သံ၊ ကြားရပြန်ပြီ
သင်္ကြန်ရောက်တော့ မှာပါတကား။

* သင်္ကြန်ရောက်လျှင်၊ တိုင်းခွင်မြန်မာ
ပြည်ရွာအလုံး၊ ပီတိဖုံးပြီး
ပြုံးကြပျော်ကြ၊ ရှိနေကြမှာ
မြင်ယောင်ကာဖြင့်၊ စိတ်မှာကြည်ရွှင်
ကြိုတင်မှန်းဆ၊ အတွေးစနောက်
ကောက်ကောက်ပါခဲ့မိပါတကား။

* တို့မြန်မာများ၊ ဝတ်စားဆင်ယင်
ပုံသွင်မြန်မာ၊ ယဉ်ကျေးစွာဖြင့်
အတာရေပွဲ၊ တူပြိုင်နွှဲလျက်
ပျော်ပွဲဆင်ကြဦးမှာပါတကား။

* တေးသွားမြိုင်မြိုင်၊ တူပြိုင်ဆိုကြ
ကသူကနှင့်၊ မြန်မာ့ပုံစံ
ယဉ်ကျေးဟန်ကို
အမှန်ပြကြဦးမှာပါတကား။

* မြန်မာအက၊ စည်းချက်ကျဖြင့်
မြူးကြွပုံစံ၊ ကနည်းဟန်ကို
အမှန်မြင်ရဦးမှာပါတကား။

* ဥသြပျို၏၊ ခွန်းချိုတွန်သံ
ကြားပြန်ခဏ၊ အတွေးစ၏
လှပသင်္ကြန်၊ မြန်မာဆန်သည့်
ဟန်ပန်မူရာ၊ ချစ်စရာကို
မကြာမတင်၊ ကိုယ်တိုင်မြင်၍
ပျော်ရွှင်ရတော့မှာပါတကား။ ။

ပျံလွှား

မီးသုံးခွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

အီရတ်နိုင်ငံ ဖော်လူဂျာတွင် ခုခံတိုက်ခိုက်မှုဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပွား

ဧပြီ ၂ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့က စွန့်ခွာသွားခဲ့သည့် အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧပြီ ၁ ရက်က ဩစတြေးလျနိုင်ငံ ဝယ်လင်တန်မြို့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

အီရတ် မြင်ကွင်း

မီးလောင်ကျွမ်း

မတ် ၃၁ ရက်က ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းနေသော ကားတစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧပြီ ၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး အဝေးပြေးလမ်းမပေါ်တွင် ဗုံးထိမှန်သဖြင့် အမေရိကန် ဟမ်းဗီးစစ်ယာဉ်တစ်စီး မီးလောင်ကျွမ်းနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မတ် ၃၁ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော မော်တော်ယာဉ်တစ်စီး၏ အပိုင်းအစများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မတ် ၃၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ တိုက်ခိုက်ခံရသဖြင့် ပျက်စီးသွားသည့် ကားတစ်စီးပေါ်တွင် အောင်ပွဲခံနေသည့် အီရတ်ပြောက်ကျားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် လုံခြုံရေး အခြေအနေစိုးရိမ်ရသဖြင့် ကုန်စည်ပြပွဲ ရက်ရွှေ့ဆိုင်း

ဘဂ္ဂဒက် မေ ၂

အမေရိကန်တို့က ကမကထပြု၍ အီရတ်တွင် ကျင်းပရန်စီစဉ်ထားသည့် ကုန်စည်ပြပွဲတစ်ရပ်ကို ရွှေ့ဆိုင်းထားလိုက်ကြောင်း ကြာသပတေးနေ့က ကြေညာခဲ့သည်။ အမေရိကန်တို့က အီရတ်နိုင်ငံသည် စီးပွားရေးလုပ်ငန်းများပြုလုပ်ရန် နေရာဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ကြောင်း ပြသရန်အတွက် ယခုပြပွဲကို စီစဉ်ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။

အီရတ်တွင် မေ ၅ ရက်မှ ၈ ရက်အထိ ကုန်သွယ်ရေးပြပွဲ ခင်းကျင်းသွားရန် စီစဉ်ထားခဲ့သည်။ ဘဂ္ဂဒက်ပြပွဲကျင်းပမည့်နေရာသည် ယခင်က ဒုံးကျည်ဖြင့်ပစ်ခတ် တိုက်ခိုက်ခြင်းခံခဲ့ရသည်။

ပြပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသွားသော်လည်း ပြန်လည်ကျင်းပမည့်နေ့ကိုမူ ထည့်သွင်းကြေညာသွားခြင်းမရှိကြောင်း သိရသည်။

ပြပွဲကျင်းပမည့်ရက် သတ်မှတ်ရေးကိစ္စ ဆုံးဖြတ်ရမည့်အလုပ်သည် အမေရိကန်များ၏ လက်တွင်သာရှိကြောင်း အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ထုတ်ဖော်ပြောကြားသည်။

ဘဂ္ဂဒက်မြို့၏ အနောက်ဘက်ရှိ ဖော်လူဂျာမြို့တွင်အမေရိကန်အရပ်ဘက်ကန်ထရိုက်တာလေးဦးကို သတ်ဖြတ်မှု ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်အကြာတွင် အီရတ်ကုန်စည်ပြပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခြင်းဖြစ်သည်။

ရုပ်သိမ်း

ထိုပြပွဲတွင် လာရောက်ခင်းကျင်းပြသရန် နိုင်ငံခြားကုမ္ပဏီပေါင်း ၂၀၀ တို့က စာရင်းပေးထားသည်။ ယင်းကုမ္ပဏီများအနက်မှ အများအပြားသည် လုံခြုံရေးအခြေအနေကို စိုးရိမ်ကြသောကြောင့်ပြပွဲတွင် စာရင်းပေးထားရာမှ ပြန်လည်ရုပ်သိမ်းသွားကြကြောင်း သိရသည်။

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကန်ထရိုက်အများအပြားကို အမေရိကန် ကုမ္ပဏီများက ရရှိထားကြသည်။ ထိုကုမ္ပဏီများတွင် ဘတ်ချ်တယ်၊ဟာလီဘာတန်နှင့်အခြားကုမ္ပဏီများပါဝင်ကြသည်။ ယခု ကုန်စည်ပြပွဲတွင် ပါဝင်ဆင်နွှဲကြခြင်းအားဖြင့် အီရတ်ပြန်လည်ထူထောင်ရေး ကန်ထရိုက်များ ရရှိနိုင်လိမ့်မည်ဟု နိုင်ငံခြားကုမ္ပဏီများက မျှော်လင့်ထားခဲ့ကြသည်။

အီရတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရေနံလုပ်ငန်း၊ စစ်အခြေစိုက်စခန်း တည်ဆောက်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရေပေးရေးလုပ်ငန်းနှင့် လုံခြုံရေးလုပ်ငန်းများ ပါဝင်သည်။

အီရတ်တွင် မတည်မငြိမ်မှုများ ဆက်လက်ဖြစ်ပွားနေပြီး ခရီးသည်များ တည်းခိုနေထိုင်ရာ ဟိုတယ်များလည်း အတိုက်အခိုက်ခံကြရသည်။ ထိုအခြေအနေများကြောင့် စစ်ပြီးကာလတွင် ပြည်ပကုမ္ပဏီများကို လာရောက်၍ လုပ်ငန်းလုပ်ကိုင်ရန် အီရတ်က ကမ်းလှမ်းမှုများရှိသော်လည်း ကုမ္ပဏီအနည်းအကျဉ်းလောက်သာ လာရောက်လုပ်ကိုင်ကြကြောင်း သိရသည်။

အင်တာနက်။

အီရတ်စစ်မြေပြင်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀ဦး ရှိပြီ

ဘဂ္ဂဒက် မေ ၁

လွန်ခဲ့သည့်တစ်နှစ်က အီရတ်နိုင်ငံတွင် စစ်ပွဲဖြစ်ပွားခဲ့ချိန်နောက်ပိုင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၀၀ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံတွင် နောက်ဆုံးသေဆုံးခဲ့ရသည့် အမေရိကန် တပ်ဖွဲ့ဝင်မှာ အမေရိကန်အမှတ်-၁ သံချပ်ကာ တပ်မမှ ဖြစ်ပြီး သောကြာနေ့ အစောပိုင်းက မြို့တော်ဘဂ္ဂဒက်တွင် လမ်းဘေးထောင်ဗုံး ပေါက်ကွဲရာမှ သေဆုံးခဲ့ရခြင်း ဖြစ်သည်။

သေဆုံး

အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၄၀၈ဦးမှာ တိုက်ပွဲများကြောင့်သေဆုံးရခြင်းဖြစ်ပြီး အခြားအကြောင်းများကြောင့် သေဆုံးသူမှာ ၁၉၂ဦးဖြစ်သည်။ ယင်းကာလအတွင်း ဗြိတိန်က ၅၈ဦး၊ အီတလီ ၁၇ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ ယူကရိန်း သုံးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အက်စ်တိုးနီးယားနှင့်ပိုလန်တို့ တစ်ဦးစီ အသီးသီး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေလ ၁ရက်နေ့နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၆၂ဦးသေဆုံးခဲ့သည်။ ယင်းအနက် ၂၉၃ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားအကြောင်းများကြောင့်သေဆုံးသူမှာ ၁၆၉ဦးဖြစ်သည်။

အီရတ်စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၀၂၃ဦးမှာ တိုက်ပွဲများကြောင့် ဒဏ်ရာရရှိခဲ့ပြီး ၄၄၄ ဦးမှာ အခြားအကြောင်းများကြောင့် ဒဏ်ရာရရှိခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်တွင် ပါရှိသည်။

အင်တာနက်။

ဘာကူဘာမြို့၌ ကားဗုံးပေါက်ကွဲ၊ လူ ၁၂ဦးဒဏ်ရာရ

ဘာကူဘာ(အီရတ်) မေ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ဘာကူဘာမြို့တွင် ဗုဒ္ဓဟူးနေ့က ကားဗုံးပေါက်ကွဲမှု ကြောင့် လူ ၁၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြတ်သားစွာမသိရ

ဒဏ်ရာရရှိသူများသည် ဒေသန္တရအုပ်ချုပ်ရေးမှူး၏ အစောင့်အကြပ်များဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါပေါက်ကွဲမှုသည် အသေခံဗုံးပေါက်ကွဲမှု သို့တည်းမဟုတ် မော်တော်ယာဉ်အတွင်းထားခဲ့သည့် ဗုံးပေါက်ကွဲမှုဟုတ်၊မဟုတ် ပြတ်ပြတ်သားသား မသိရှိရသေးပေ။

ယင်းပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်အများအပြားပျက်စီးကုန်ကြောင်း အခင်းဖြစ်ပွားရာသို့ရောက်ရှိနေသည့် ရိုက်တာသတင်းဌာနမှ ဓာတ်ပုံသတင်းထောက်တစ်ဦးက ပြောကြားသည်။

လွယ်ကူ

အီရတ်နိုင်ငံ သိမ်းပိုက်ရေး အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည့် ပြောက်ကျားများက အလွယ်တကူပစ်မှတ်များအဖြစ် တိုးမြှင့်တိုက်ခိုက်နေရာ အရပ်သားများ၊ အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံနိုင်ငံရေးသမားများမှာ အထိနာလျက်ရှိကြသည်။ ၎င်းတို့အား တိုက်ခိုက်ရခြင်းသည် အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်သည်ထက် ပိုမိုလွယ်ကူသည်။

တနင်္ဂနွေနေ့က ဘာကူဘာတောင်ပိုင်း မိုင်အနည်းငယ်ခန့်ဝေးသည့်မြို့တွင် ဗုံးတစ်လုံး ပေါက်ကွဲရာ ကျောင်းသွားသည့် ကလေးငယ်သုံးဦးနှင့် အခြားအရပ်သားနှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

ရည်ရွယ်

ယင်းတိုက်ခိုက်မှုသည် အီရတ်နိုင်ငံ သိမ်းပိုက်သူများအတွက် လုပ်ငန်းဆောင်ရွက်နေသည့် အီရတ်နိုင်ငံသား ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးအား ရည်ရွယ်တိုက်ခိုက်ခဲ့ဖွယ်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အသစ် ချမှတ်ရန် အမေရိကန် မျှော်လင့်

ဘာလင် မေ ၂

အီရတ် ပြန်လည်ထူထောင်ရေးတွင် ကုလသမဂ္ဂက တာဝန်ယူကြီးကြပ်ရန် အနောက်နိုင်ငံများက အမေရိကန်ပြည်ထောင်စုအား ဖိအားပေးနေမှုကို တုံ့ပြန်သည့်အနေဖြင့် အီရတ်နိုင်ငံ၌ အချုပ်အခြာအာဏာ လွှဲပြောင်းမပေးအပ်မီ ကုလသမဂ္ဂဆုံးဖြတ်ချက်အသစ် ချမှတ်နိုင်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်က ကြာသပတေးနေ့တွင် ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၌ နိုင်ငံတကာအသိုက်အဝန်း ပါဝင်မှုကို ဖော်ပြထားသည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အသစ် ချမှတ်ခြင်းမရှိလျှင် ဇူလိုင် ၁ ရက်၌ အချုပ်အခြာအာဏာ လွှဲပြောင်းပြီးနောက် အီရတ်အရေး၌ ပါဝင်ဆောင်ရွက်လိုမှုမရှိကြောင်း ပြင်သစ်နှင့် စပိန်ကဲ့သို့သော နိုင်ငံများက ပြောကြားထားသည်။

စဉ်းစားမည်

ကုလသမဂ္ဂ ဆုံးဖြတ်ချက် အသစ်တစ်ရပ် ချမှတ်နိုင်ရေးကို စဉ်းစားမည်ဖြစ်ကြောင်းကိုသာ အမေရိကန်က ယခင်ကပြောကြားခဲ့သည်။

သို့ရာတွင် ယခုအခါ၌မူ အီရတ်အစိုးရထံသို့ အာဏာလွှဲပြောင်းမပေးအပ်မီ အတည်ပြုနိုင်မည့် အစီအစဉ်တစ်ရပ်ကို အမေရိကန်က မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

တွေ့ဆုံမေးမြန်း

ဇူလိုင် ၁ ရက်နေ့ရောက်ရန် နီးကပ်လာသည့်အတွက် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်မည်ဟု ထင်မြင်ကြောင်း အမေရိကန် ထိပ်တန်းသံတမန်ဖြစ်သူ ပါဝဲလ်က ဂျာမနီမှ ဇက်ဒီအက်ဖ် ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

မေ ၁ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်းဖြစ်ပွားရာ၌ ဒဏ်ရာရသူ အီရတ်တစ်ဦးအား သယ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျောက်ဆုံးနေသော အီရတ်ရှေးဟောင်းပစ္စည်းများ ဂျော်ဒန်နိုင်ငံက ပြန်လည်ပေးအပ်မည်

အမ္မန် ဧပြီ ၂

ဂျော်ဒန်နိုင်ငံသည် မှောင်ခိုသမားများထံမှ သိမ်းဆည်းရမိထားသော အီရတ်ရှေးဟောင်းပစ္စည်းအမျိုးအစား ၇၀၀ကျော်ကို အီရတ်သို့ပြန်လည်ပေးအပ်ရန် အသင့်ရှိနေကြောင်း ဂျော်ဒန်အစိုးရ တရားဝင်သတင်းဌာန ပီထရာက အင်္ဂါနေ့တွင် ဖော်ပြလိုက်သည်။

အီရတ်နိုင်ငံက အဆိုပါရှေးဟောင်းပစ္စည်းများကို ပြန်လည်ပေးအပ်ရန် မေတ္တာရပ်ခံလာသောအခါ လွှဲပြောင်းပေးအပ်ရန် အဆင်သင့် ရှိနေကြောင်း ဂျော်ဒန်နိုင်ငံ ရှေးဟောင်းပစ္စည်းထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ်ကို ကိုးကား၍ပီထရာသတင်းဌာနက ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဖာဝါဇ်ကရီရှာသည် ရှေးဟောင်းပစ္စည်းဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။

သိမ်းဆည်း

ဂျော်ဒန်နိုင်ငံက သိမ်းဆည်းရမိထားသော ရှေးဟောင်းပစ္စည်းများကို စနစ်တကျ မှတ်တမ်းတင်ထားပြီး သိပ္ပံနည်းကျ ထိန်းသိမ်းထားသည်ဟု ဆိုသည်။ ထိုပစ္စည်းများကို ဂျော်ဒန်လုံခြုံရေးတပ်ဖွဲ့များနှင့် အကောက်ခွန်အာဏာပိုင်များက သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

မှတ်တမ်းတင်

အီရတ်နိုင်ငံအမျိုးသားပြတိုက်သည် အမေရိကန် ကျူးကျော်ရေးတပ်များက ဘဂ္ဂဒက်ကို သိမ်းပိုက်စဉ် လုယက်ခိုးဝှက်ခြင်း ခံခဲ့ရသည်။ ဂျော်ဒန်နိုင်ငံက သိမ်းဆည်းရမိထားသောပစ္စည်းများစာရင်းနှင့် ရုပ်ပုံများကို ကွန်ပျူတာဖြင့် စနစ်တကျမှတ်တမ်းတင်ထားသည်။

ဂျော်ဒန်အာဏာပိုင်များက အဆိုပါမှတ်တမ်းတင်စီဒီကို အီရတ် တာဝန်ရှိသူများထံသို့ ပေးပို့ခဲ့သည်။ အီရတ်အာဏာပိုင်များသည် အဖျက်အဆီးခံခဲ့ရသော အမျိုးသားပြတိုက်ကို ယခုအခါ ပြန်လည်မွမ်းမံပြင်ဆင်လျက်ရှိသည်။

အပြစ်တင်

အမေရိကန်များသည် အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ကျူးကျော်သိမ်းပိုက်စဉ်က အီရတ်အမျိုးသားပြတိုက်အတွင်းမှ ပစ္စည်းများမပျောက်ပျက်မဆုံးရှုံးစေရအောင် ကာကွယ်စောင့်ရှောက်ရန် ပျက်ကွက်ခဲ့သည့်အတွက်အီရတ်လူမျိုးများက ကျူးကျော်သူများကို အပြစ်တင်ကြသည်။ ပြတိုက်အတွင်းရှိ ပစ္စည်းများသည် နှစ်ပေါင်းထောင်ချီ၍ သက်တမ်းရှိပြီဖြစ်သောရှေးဟောင်းပစ္စည်းများဖြစ်သည်။

ဂျော်ဒန်နိုင်ငံသည် ယခင်အခါကလည်း အီရတ်သို့ ရှေးဟောင်းပစ္စည်းအမျိုးအမည် ၁၀၀၀ ကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ကရီရှာက ပြောကြားခဲ့သည်။ ဂျော်ဒန်က လွှဲအပ်သော ရှေးဟောင်းပစ္စည်းများသည် မည်သည့်နေရာမှ ခိုးယူသွားခဲ့သောပစ္စည်းများ ဖြစ်သည် ဆိုသည့်အချက်ကို ကွဲပြားစွာမသိရသေးဟု ဆိုသည်။

ထွန်းကား

ကမ္ဘာ့ယဉ်ကျေးမှုစတင်ထွန်းကားရာဒေသအဖြစ် အီရတ်ကို မှတ်ယူထားကြသည်။ ထိုနိုင်ငံသည် အီဂျစ်၊ ဂရိနှင့် ရောမနိုင်ငံတော်များ မထွန်းကားမီအချိန်ကပင် လယ်ယာစိုက်ပျိုးရေး၊ မြို့ပြဆောက်လုပ်ရေးနှင့် စာပေအရေးအသားများ ထွန်းကားခဲ့သောနိုင်ငံဖြစ်သည်။ နင်နီဗား၊ နမ်းရောနှင့် ဘေဘီလုံမြို့တော်ကြီးများထွန်းကားခဲ့ရာဒေသကြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ အသေခံကားဗုံးဖောက်ခွဲ ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်တောင်ပိုင်းရှိ ရဲတပ်ဖွဲ့ အကြီးအကဲတစ်ဦး၏ အိမ်အပြင်ဘက်တွင် အသေခံဗုံးဖောက်ခွဲသူတစ်ဦးက ၎င်း၏ကားအတွင်း ဗုံးဖောက်ခွဲရာ ရဲတပ်ဖွဲ့အကြီးအကဲကိုယ်တိုင်သေဆုံးပြီး အခြားလူခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်နိုင်ငံက သတ်မှတ်ချက်အတိုင်း ရွေးကောက်ပွဲ ကျင်းပရန် လိုလားမှုရှိပါက ပိုမိုကောင်းမွန်သည့် လုံခြုံရေးသည် အဓိက လိုအပ်ချက်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ခေါင်းဆောင်က ပြောကြားပြီးသည့်နောက် ယင်းတိုက်ခိုက်မှု ပေါ်ပေါက်လာ ခြင်းဖြစ်သည်။

ဘဂ္ဂဒက်အနောက်ပိုင်း ရာမာဒီမြို့တွင် အမေရိကန် ဟမ်းဗီးမော်တော်ယာဉ်တစ်စီး အင်္ဂါနေ့ကဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့် မီးလောင်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းဟမ်းဗီးမော်တော်ယာဉ်ပေါ်လိုက်ပါခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်လေးဦးတို့သည် အခြားဟမ်းဗီးမော်တော်ယာဉ်ပေါ်သို့ တက်ပြေသွားကြသည်။ ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ယင်းတိုက်ခိုက်မှုအား အတည်ပြုပြောကြားခြင်းမရှိပေ။

အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့တွင် ရဲတပ်ဖွဲ့ဝင် အလုပ်လျှောက်လွှာများတင်ရာတွင် နှောင့်နှေးနေမှုနှင့်ပတ်သက်၍ အီရတ်နိုင်ငံသားများက ဆန္ဒပြလျက်ရှိပြီး စပိန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များကို ကျောက်ခဲများဖြင့် ပစ်ပေါက်ကြပြီး တံခါးပေါက်များကို ဖျက်ဆီးကြကာ အစောင့်တစ်ဦး၏ အိမ်ကို မီးရှို့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သုံးနာရီကြာ အဓိကရုဏ်းဖြစ်စဉ်အတွင်း ပစ်ခတ်မှုဖြစ်ပွားပြီး ရဲအရာရှိသုံးဦးထက်မနည်းနှင့် ဆန္ဒပြသူနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

စပိန်အမျိုးသမီးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အီရတ်နိုင်ငံသားငါးဦးတို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း စပိန်ရေဒီယိုက အသံလွှင့်သွားသည်။ ***အင်တာနက်။***

အမေရိကန်၌ ၁၉၇၆ ခုနှစ်နောက်ပိုင်း သေဒဏ်စီရင်မှုပေါင်း ၉၀၀ကျော်ရှိ

ဝါရှင်တန် ဧပြီ ၂

အမေရိကန် တရားရုံးချုပ်သည် သေဒဏ်စီရင်ချက်ကို ၁၉၇၂ခုနှစ်က ပိတ်ပင်ခဲ့ပြီးနောက် ပြန်လည်ကျင့်သုံးလျက်ရှိရာ ၁၉၇၆ခုနှစ်မှစ၍ အမေရိကန်ပြည်ထောင်စုတွင် သေဒဏ်စီရင်ချက်ချမှုစုစုပေါင်း ၉၀၄ မှု ရှိနေပြီဟု သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

လက်ခံကျင့်သုံး

အမေရိကန်ပြည်နယ်ပေါင်း ၅၀အနက် ၃၈ပြည်နယ်တွင် သေဒဏ်ပေးသည့် စီရင်ချက်ကို ချမှတ်ကျင့်သုံးလျက်ရှိပြီး ယင်းတို့အနက် ၃၇ပြည်နယ်တို့တွင် ဆေးထိုးခြင်းဖြင့် သေဒဏ်စီရင်မှုကို ပို၍လက်ခံကျင့်သုံးကြသည်ဟု ယနေ့ အမေရိကန်ပြည်စာစောင်၌ တနင်္လာနေ့က ဖော်ပြသည်။

ထို့အပြင် ပြည်နယ်၁၀ခုတွင် လျှပ်စစ်ခတ်ဖြင့် အဆုံးစီရင်ခြင်းနည်းဖြင့်လည်းကောင်း၊ ပြည်နယ်ငါးခုတို့တွင် ဓာတ်ငွေ့ခန်းအသုံးပြု၍လည်းကောင်း၊ ပြည်နယ်သုံးခုတွင် ကွပ်မျက်ရေးသေနတ်အဖွဲ့ဖြင့်လည်းကောင်း၊ ပြည်နယ်နှစ်ခုတို့တွင် ကြိုးပေးခြင်းဖြင့်လည်းကောင်း ပြစ်မှုကြီးများအတွက် ပြစ်ဒဏ်စီရင်ချက်ချမှတ်နေသည်။

ကျန်ရှိသော အမေရိကန်ပြည်ထောင်စု ပြည်နယ် ၁၂ခုနှင့် ဝါရှင်တန် ဒီစီနယ်မြေအတွင်း၌မူ သေဒဏ်စီရင်ချက် လုံးဝကျင့်သုံးခြင် မရှိချေ။ အမေရိကန်ပြည်ထောင်စုတွင် သေဏ်စီရင်မှု စုစုပေါင်း ၉၀၄မှု ရှိခဲ့သည့်အနက် ၇၄၇ မှုတို့တွင် ဆေးထိုး၍ စီရင်ခြင်းကို ကျင့်သုံးခဲ့ပြီး ၁၅၁ မှုမှာ လျှပ်စစ်ဓာတ်ဖြင့် အဆုံး စီရင်မှုများဖြစ်သည်။ ထို့အပြင် ဓာတ်ငွေ့ခန်းဖြင့် စီရင်မှု ၁၁မှု၊ ကြိုးပေးစီရင်မှု သုံးမှုနှင့် ကွပ်မျက်ရေးတပ်ဖွဲ့ဖြင့် စီရင်မှုနှစ်မှုအသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ပိတ်ပင်ခဲ့

အမေရိကန်တရားရုံးချုပ်က သေဒဏ်စီရင်ချက်သည် အကြွင်းမဲ့အာဏာရှင်ဆန်လွန်းသည်ဟု ၁၉၇၂ခုနှစ်အတွင်း ဆုံးဖြတ်ခဲ့ပြီးနောက် ၎င်းနည်းဖြင့် ပြစ်ဒဏ်စီရင်ခြင်းကို ပိတ်ပင်ထားခဲ့သည်။ သို့ရာတွင် ၁၉၇၆ခုနှစ်တွင် ပြည်နယ်အများအပြားတို့၏ တရားစီရင်ရေးစနစ်နှင့် ပြစ်ဒဏ်စီရင်မှုစနစ်များကို အပြောင်းအလဲ လုပ်ခဲ့ကြပြီးနောက် သေဒဏ်စီရင်မှုကို တရားသူကြီးများက ပြန်လည်ကျင့်သုံးလာခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မတ် ၃၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် မီးလောင်ကျွမ်းပျက်စီးနေသည့် အမေရိကန်နှင့် အပေါင်းပါတို့၏ ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၂၉ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ဆာမာရာမြို့တွင် အမေရိကန် တင့်ကားတစ်စီး၏ ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်တစ်အိမ်မှ ပစ္စည်းများ လိုက်လံ စုဆောင်းနေသည့် အီရတ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးဟမ်းရှိုင်းယားမှ ကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌သေဆုံး

ဖို့ကာဆင်(ကော်လိုရာဒို) ဧပြီ ၂

အီရတ်နိုင်ငံတွင် မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်မှာ အသက် ၄၅နှစ်အရွယ်ရှိ အမေရိကန်ပြည်ထောင်စု နယူးဟမ်းရှိုင်းယားပြည်နယ်သားတစ်ဦးဖြစ်ကြောင်း ပြောကြားသည်။ ၎င်း၏အမည်မှာ ရစ်ချတ်ဖာဂူဆန်ဖြစ်သည်။

အီရတ်နိုင်ငံ ဆမ်မာရာမြို့တွင် ဗုဒ္ဓဟူးနေ့က ၎င်းစီးနင်းလိုက်ပါလာသည့် အမေရိကန်စစ်ကား တစ်စီး တိမ်းမှောက်ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖာဂူဆန်သည် ဖို့ကာဆင်မြို့တွင် အခြေစိုက်သည့် အမေရိကန် အမှတ်(၁၀)အထူးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ကားမတော်တဆဖြစ်မှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

၎င်းသည် အီရတ်စစ်ပွဲစစ်ဖြစ်ပွားချိန်နောက်ပိုင်း ဖို့ကာဆင်မြို့မှ သေဆုံးခဲ့ရသည့် ၄၅ဦးမြောက် အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။

(အင်တာနက်)

ဖြူးဆရာတော် ဓမ္မသဘင်

ရန်ကုန် ဧပြီ ၃

ဓမ္မကထိက ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတရေ) အရှင်သူမြတ်သည် ဧပြီ ၇ရက် ည ၇နာရီတွင် ရန်ကုန်တိုင်း သုံးခွမြို့နယ် အဖောင်ကျေးရွာ ကိုးနဝင်းကျောင်းတိုက်ကြီးအတွင်း၌ ရန်ကုန်မြို့ ဦးကြည်အေး-ဒေါ်ကျင်လှရွှေကြည်သာ မိသားစုက မဟာသကျမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဒုတိယအကြိမ် အနေကဇာတင်နှင့် မဟာဒုက်ဘုရားများ လှူဒါန်းပွဲ အောင်ပွဲ အထိမ်းအမှတ် ဓမ္မသဘင်တွင် တရားတော်များ ဟောကြားမည်။ (က-ပ)

မြို့ခြေစွတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

တီဘီရောဂါ ပပျောက်ရေး အသက်ရှူတိုင်း သတိပေး

ဒေါက်တာဝင်းမောင်(တီဘီ)

တီဘီရောဂါသည် ကမ္ဘာပေါ်တွင် ယခုမှပေါ်လာသော ရောဂါမဟုတ်ပါ။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာ ကတည်းက(ဘီစီ-၃၇၀၀) အီဂျစ်ပြည်တွင်ရှိသော မမီရုပ်အလောင်းများ၏ ကျောရိုးစုများတွင် တီဘီရောဂါဟု ပြောနိုင်သော လက္ခဏာများ တွေ့ရှိခဲ့ပါသည်။ ထိုစဉ်အခါက လူတို့၏အသက်အန္တရာယ်ကို ပေးသော တီဘီရောဂါဖြစ်စေသည့် ရန်သူကို မသိရှိခဲ့ပါ။ ဂျာမန်ဆရာဝန် ရောဘတ်ကော့ရှ်သည် တီဘီရောဂါကို ဖြစ်စေသော "မိုက်ကိုဘက်တီးရီးယမ်း ကျူဘာကူလိုးစစ် (Mycobacterium Tuberculosis)ဟု ခေါ်သည့် တီဘီပိုးကို ၁၈၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် တီဘီရောဂါပိုး ရှာဖွေတွေ့ရှိခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီဖြစ်ပါသည်။

တီဘီပိုးသတ်ဆေးများကို စမ်းသပ်ရှာဖွေရင်း ၁၉၄၇ ခုနှစ်တွင် Streptomycin ထိုးဆေးကိုလည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် Isoniazid စားဆေးကို လည်းကောင်း အစွမ်းထက်သော တီဘီဆေးများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်ခဲ့ပါသည်။ ကမ္ဘာတွင် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် တီဘီရောဂါ ခေါင်းထောင်လာသည့်အတွက် ၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တီဘီရောဂါကို ကမ္ဘာ့အရေးပေါ် အခြေအနေတစ်ရပ်အဖြစ် ကြေညာခဲ့လေသည်။ ထို့အပြင် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွင် အကောင်းဆုံး၊ အထိရောက်ဆုံး ကုသနည်းဖြစ်သည့် "တိုက်ရိုက်ကြည့်ရှု၊ အချိန်တိုနှင့်ကု" DOTS နည်းဗျူဟာကို ဖော်ဆောင်ပေးခဲ့ပါသည်။

တီဘီရောဂါသည် ယခုအခါ မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် ဦးစားပေးဖြေရှင်းရမည့် အဓိကကျန်းမာရေးပြဿနာအဖြစ် တစ်ကျော့ပြန်လည် ဦးမော့လာပါသည်။ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံ (သန်း ၂၀၀၀) ကျော်သည် တီဘီရောဂါပိုး ကူးစက်ခံထားရပြီး နှစ်စဉ် တီဘီလူနာသစ် ရှစ်သန်းခန့်နှင့် တီဘီရောဂါကြောင့် သေဆုံးရသူပေါင်း နှစ်သန်းခန့်ရှိနေပါသည်။ တီဘီရောဂါ ခံစားရသူအများစုသည် နိုင်ငံ၏ကုန်ထုတ်စွမ်းအား အများဆုံးပေးနိုင်သည့် အသက်(၁၅)နှစ်မှ (၅၄)နှစ်အကြားတွင်ဖြစ်ပြီး ယခုအခါ တီဘီနှင့် HIVဒွန်တွဲဖြစ်ပေါ်လာခြင်း၊ ဆေးယဉ်ပါးသော တီဘီဝေဒနာရှင်များ ပိုများလာခြင်းတို့နှင့် ရင်ဆိုင်လာရပါသည်။ ကမ္ဘာပေါ်တွင် တီဘီရောဂါအဖြစ်အများဆုံးနိုင်ငံ ၂၂ နိုင်ငံရှိပါသည်။

ကမ္ဘာပေါ်ရှိ တီဘီဝေဒနာရှင်များ၏ ၄၀ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှဒေသမှ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ခန့်မှန်းခြေ တီဘီဝေဒနာရှင် ရှစ်သောင်းခွဲခန့်ရှိပြီး ၎င်းထဲမှ ထက်ဝက်ခန့်သည် ကူးစက်မှုအများဆုံးပေးနိုင်သော သလိပ်ပိုးတွေ့ အဆုတ်တီဘီ ဝေဒနာရှင်များဖြစ်ပါသည်။

တီဘီရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး မျိုးရိုးလိုက်သော ရောဂါမဟုတ်ပါ။ တီဘီရောဂါသည် ကျား-မ၊ အသက်အရွယ်၊ လူမျိုးဘာသာမရွေး ဖြစ်ပွားနိုင်ပါသည်။ လူ့ခန္ဓာကိုယ် နေရာအနှံ့အပြားတွင် တီဘီရောဂါဖြစ်နိုင်သော်လည်း အဆုတ်တီဘီရောဂါသာ အများဆုံးတွေ့ရှိရပြီး ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုကိုလည်း အများဆုံးပေးနိုင်ပါသည်။

အဆုတ်တီဘီ ဝေဒနာရှင်များသည် ရက်သတ္တပတ် သုံးပတ်ကျော်အောင် ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း၊ သလိပ်တွင်သွေးပါခြင်း၊ တဖြည်းဖြည်း ပိန်ချုံးလာခြင်း၊ ကျောနှင့်ရင်အောင့်ခြင်း၊ ကိုယ်အပူချိန် တငွေ့ငွေ့တက်ခြင်း၊ ညဘက်ချွေးထွက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ မလှုပ်ချင်မကိုင်ချင်ဖြစ်ခြင်း စသည်များ ခံစားရတတ်ပါသည်။ အဆုတ်တီဘီဝေဒနာရှင်များမှာ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကျယ်လောင်စွာ သီချင်းဆိုခြင်း၊ ရယ်မောခြင်းတို့ဖြင့် တီဘီပိုးပါသော သလိပ်အမှုန်အမွှားလေးများသည် လေထဲတွင်ပျံ့လွင့်ပြီး ၎င်းလေကို ရှူရှိုက်မိသူများ၏ အဆုတ်တွင်းသို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ပြီး ရောဂါကူးစက်စေပါသည်။

သလိပ်တွင် တီဘီပိုးရှိနေသူတစ်ဦးသည် ဆေးကုသမှုမခံယူခဲ့ပါက ၎င်းမှတစ်ဆင့် အခြားသူ ၁၀ ဦးမှ ၁၅ ဦးအထိ တစ်နှစ်အတွင်း ရောဂါကူးစက်နိုင်ပါသည်။ အကယ်၍ စနစ်တကျ ဆေးကုသမှုခံယူခဲ့ပါက ဆေးစတင်ကုသသည့်နေ့မှစ၍ နှစ်ပတ်မှ လေးပတ်အကြာတွင် အခြားသူများသို့ ကူးစက်နိုင်စွမ်းအား များစွာလျော့နည်းသွားမည်ဖြစ်ပါသည်။

တီဘီတိုက်ဖျက်ရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်၏အရေးမဟုတ်ဘဲ တစ်နိုင်ငံလုံးနှင့်ဆိုင်သော၊ တစ်မျိုးသားလုံးနှင့်ဆိုင်သော အမျိုးသားရေးဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အမျိုးသားတီဘီ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၆၆ ခုနှစ်ကတည်းက စီမံကိန်းချပြီး စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်အောက်ခြေအထိ ကျယ်ပြန့်စွာ ဖြန့်ကြက်ထားသော အခြေခံကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ၁၉၇၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်အခါက တီဘီထိုးဆေး၊ သောက်ဆေးများဖြင့် တစ်နှစ်ခန့်ကြာစွာ ကုသပေးခဲ့ရပြီး ၁၉၈၄ ခုနှစ်မှစ၍ အချိန်တိုကုထုံး (Short Course Chemotherapy)ဖြင့် ခြောက်လကြာ ဆေးကုသပေးခဲ့ပါသည်။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပိုမိုထိရောက်သော "တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု" Directly Observed Treatment Short Course Chemotherapy (DOTS) နည်းဗျူဟာကို ဖော်ဆောင်ပေးခဲ့ရာ မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ်မှ စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလမှစ၍ မြန်မာတစ်နိုင်ငံလုံး မြို့နယ်တိုင်းတွင် တီဘီဝေဒနာရှင်များအား DOTS နည်းဗျူဟာဖြင့် နေ့စဉ် ဆေးကုသပေးလျက်ရှိပါသည်။

DOTS နည်းဗျူဟာအရ မြို့နယ်တိုင်းတွင် တီဘီရောဂါ သံသယရှိသူများ၊ တီဘီဝေဒနာရှင်များအတွက် သလိပ်ကို အနုကြည့်မှန်ဘီလူးဖြင့် အခမဲ့တီဘီပိုး ရှာဖွေစစ်ဆေးပေးခြင်း၊ ရောဂါပျောက်ကင်းသည်အထိ တီဘီဆေး အခမဲ့ရရှိအောင် ဆောင်ရွက်ထားပါသည်။ ထို့အပြင် ဆေးရုံကြီးများတွင် တက်ရောက်ဆေးကုသနေသော တီဘီလူနာများအတွက် တီဘီဆေးအခမဲ့ရရှိရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ပြင်ပဆေးကုခန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းစီစဉ်လျက်ရှိပါသည်။

တီဘီရောဂါ ဝေဒနာရှင်များအနေနှင့် ရောဂါအခြေအနေပေါ်မူတည်ပြီး တီဘီဆေးကို ခြောက်လမှ ရှစ်လအထိ နေ့စဉ် ဆေးမှန်မှန်သောက်မည်ဆိုပါက တီဘီရောဂါ ပျောက်ကင်းသွားမည်ဖြစ်ပါသည်။ အချို့ တီဘီရောဂါဝေဒနာရှင်များသည် တီဘီဆေးတစ်လ/နှစ်လသောက်ပြီး ပြန်လည်နေကောင်းလာ၍ဖြစ်စေ၊ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ပြီး ဆေးအဆက်အသွယ်ပြတ်တောက်သွား၍ဖြစ်စေ၊ တီဘီဆေးဒဏ်မခံစားနိုင်၍ဖြစ်စေ၊ တီဘီဆေးကို ပြီးပြည့်စုံအောင် မှန်မှန်မသောက်ပါက တီဘီရောဂါပိုး မသေသည့်အပြင် ဆေးယဉ်ပါးသော တီဘီရောဂါဖြစ်လာနိုင်ပြီး တီဘီတိုက်ဖျက်ရေးလုပ်ငန်းတွင် ကြီးမားသော အနှောင့်အယှက် အဟန့်အတားဖြစ်လာမည်ဖြစ်သည်။

ဆေးကုသစဉ် ရောဂါအခြေအနေပေါ်မူတည်ပြီး ညွှန်ကြားသည့်အချိန်၌ သလိပ်တွင် တီဘီပိုးရှိ/မရှိ ပြန်လည်စစ်ဆေးရန် အထူးလိုအပ်ပါသည်။ သို့မှသာ ရောဂါပျောက်ကင်းကြောင်း သိရှိနိုင်မှာဖြစ်ပါသည်။

အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွင် သလိပ်ပိုးတွေ့ တီဘီလူနာ ရှာဖွေဖော်ထုတ် ဆေးကုသပေးခြင်းနှင့် ရောဂါကာကွယ်ခြင်း နှစ်ပိုင်းရှိသည့်အထဲမှ တီဘီလူနာ ရှာဖွေဖော်ထုတ် ဆေးကုသသည့်အပိုင်းသည် ရောဂါကူးစက်မှုကို ဖြတ်တောက်သည့်အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကာကွယ်ရေးအပိုင်းတွင် အသက်တစ်နှစ်အောက်ကလေးတိုင်းအား တီဘီကာကွယ်ဆေး BCG ထိုးပေးခြင်းဖြင့် ပြင်းထန်သော တီဘီရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ရောဂါကာကွယ်ရန် အခြားနည်းလမ်းများမှာ ရောဂါရှိသူနှင့် အတူနေမိသားစုများအား တီဘီရောဂါရှိ/မရှိစစ်ဆေးပြီး ရောဂါရှိပါက အမြန်ဆုံးဆေးကုသမှုခံယူရန် လိုအပ်ပါသည်။ သလိပ်ပိုးတွေ့ ဝေဒနာရှင်များ ချောင်းဆိုး၊ နှာချေလျှင် နှာခေါင်း၊ ပါးစပ်များကို လက်ကိုင်ပဝါဖြင့် လုံအောင်အုပ်သင့်ပါသည်။ တံတွေးသလိပ်များကို စနစ်တကျ စွန့်ပစ်ရန် လိုအပ်ပါသည်။ စည်းကမ်းမဲ့ တံတွေးထွေးခြင်းကို ရှောင်ကြဉ်ရပါမည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေနှင့် တီဘီရောဂါ လျော့နည်းပပျောက်ရေးအတွက် ၂၀၀၅ ခုနှစ်တွင် သလိပ်ပိုးတွေ့ တီဘီလူနာသစ် ရှာဖွေတွေ့ရှိနှုန်း ၇၀ ရာခိုင်နှုန်းရရှိရန်နှင့် ရှာဖွေတွေ့ရှိသည့် သလိပ်ပိုးတွေ့ တီဘီလူနာများ၏ ရောဂါပျောက်ကင်းနှုန်း ၈၅ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက်ချထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေနှင့် "တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု" DOTS နည်းဗျူဟာ စတင်ဆောင်ရွက်သည့် ၁၉၉၇ ခုနှစ်မှစ၍ ယနေ့အထိ တီဘီလူနာပေါင်း နှစ်သိန်းခွဲကျော် ရှာဖွေဆေးကုသမှုပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၀၂ ခုနှစ်တွင် သလိပ်ပိုးတွေ့ တီဘီလူနာသစ် ရှာဖွေတွေ့ရှိနှုန်း ၇၀ ရာခိုင်နှုန်းရရှိပြီး ရောဂါကုသအောင်မြင်နှုန်း ၈၂ ရာခိုင်နှုန်းရရှိနေပြီဖြစ်သဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ချမှတ်ထားသော ရည်မှန်းချက်ပြည့်မီရန် အလွန်နီးကပ်နေပြီဖြစ်ပါသည်။

ဤကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းမှာ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၁-၂၀၀၆)တွင် တီဘီရောဂါတိုက်ဖျက်ရေးကို ဦးစားပေးအဆင့် သတ်မှတ်ထား၍လည်းကောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးတွင် ကျန်းမာရေးဝန်ထမ်းများသာမက ပြည်တွင်းအင်အားစုများဖြစ်သည့် ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မီဒီယာများမှ ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအတွင်း မီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံးကပါ တက်ကြွစွာပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်ခဲ့၍ ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် တီဘီပိုးရှာဖွေတွေ့ရှိခဲ့သော Robert Koch ကို ဂုဏ်ပြုသောအားဖြင့် မတ်လ ၂၄ ရက်နေ့ကို ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ဟု သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ကြပါသည်။ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ကို ဆောင်ပုဒ်အမျိုးမျိုးဖြင့် စည်းရုံးလှုံ့ဆော်ကျင်းပခဲ့ကြရာ ၁၉၉၉ ခုနှစ်တွင် Stop TB, Use DOTS (တီဘီရောဂါပျောက်ကင်းရေး DOTS နည်းဗျူဟာဖြင့် ကုသပေး)၊ ၂၀၀၀ ပြည့်နှစ်တွင် Forging New Partnership to Stop TB (တီဘီရောဂါ တိုက်ဖျက်ဖို့ တိုးချဲ့ပူးပေါင်းဆောင်ရွက်စို့)၊ ၂၀၀၁ ခုနှစ်တွင် DOTS, TB cure for all (တီဘီရောဂါဖြစ်သူတိုင်း တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု)၊ ၂၀၀၂ ခုနှစ်တွင် Stop TB, Fight Poverty (လူမှုစီးပွားဖွံ့ဖြိုးဖို့ တီဘီရောဂါ တိုက်ဖျက်စို့)၊ ၂၀၀၃ ခုနှစ်တွင် DOTS cure me, it will cure you too (တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု၊ ပျောက်မှာသေချာ တီဘီရောဂါ) စသည်တို့ဖြစ်၍ တီဘီအသိုင်းအဝိုင်းကိုသာ အခြေခံပြီး စည်းရုံးလှုံ့ဆော်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခု ၂၀၀၄ ခုနှစ် ဆောင်ပုဒ်အရ "Every Breath Counts, Stop TB Now!" "တီဘီရောဂါပပျောက်ရေး အသက်ရှူတိုင်း သတိပေး" ဖြစ်သည့်အတွက် များစွာကျယ်ပြန့်ပြီး တီဘီဝေဒနာရှင် အသိုင်းအဝိုင်းသာမက ပြည်သူလူထုတစ်ရပ်လုံးကိုပါအခြေခံပြီး စည်းရုံးလှုံ့ဆော်သည့် ဆောင်ပုဒ်ဖြစ်ပါသည်။

လူသားများ အသက်ရှင်နေနိုင်ရေးအတွက် အသက်ရှူရန် လိုအပ်ပါသည်။ တီဘီပိုးသည် အဓိကအားဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ဝင်ရောက်ပြီး တီဘီရောဂါဖြစ်စေသည့်အတွက် အသက်ရှူခြင်းနှင့် တီဘီရောဂါဖြစ်ခြင်း ဆက်စပ်နေကြောင်း တွေ့ရှိနိုင်ပါသည်။ ဤနေရာတွင် ယခုနှစ်ဆောင်ပုဒ်အရ လူတိုင်း၌ တာဝန်ကိုယ်စီရှိကြမည် ဖြစ်ပေသည်။ ကျန်းမာရေးဝန်ထမ်းများအနေနှင့် အသက်ရှူတိုင်း တီဘီရောဂါ ပပျောက်ဖို့၊ ကာကွယ်တားဆီးဖို့ ပြည်သူလူထုကို အသိပညာပေး ရောဂါရှာဖွေကုသပေးရန်လည်းကောင်း၊ တီဘီဝေဒနာရှင်များအနေနှင့် အသက်ရှူတိုင်း တီဘီရောဂါ မပြန့်ပွားအောင် တီဘီဆေးမှန်မှန်ကုရန်၊ ဆောင်ရန်ရှောင်ရန်များ သတိတရ ဆောင်ရွက်နေရန်လည်းကောင်း၊ ပြည်သူလူထုအနေနှင့် အသက်ရှူတိုင်း တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အမြဲသတိပေးနေမည်ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ၂၀၀၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်နှင့်အတူ လူတိုင်းသိထားသင့်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် အောက်ပါသတင်းအချက်အလက်များ ထုတ်ပြန်ခဲ့ပါသည်။

(၁) ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံဖြစ်သော သန်း ၂၀၀၀ ကျော်သည် တီဘီရောဂါပိုး ကူးစက်ခံထားရပါသည်။
(၂) ကမ္ဘာပေါ်တွင် နှစ်စဉ် တီဘီလူနာသစ် ရှစ်သန်းခန့်နှင့် တီဘီရောဂါကြောင့် သေဆုံးသူ နှစ်သန်းခန့်ရှိနေပါသည်။
(၃) အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်/မီးဖွားစဉ်ဖြစ်သော ရောဂါကြောင့်ထက် တီဘီရောဂါကြောင့် သေဆုံးခြင်းက ပိုများနေပါသည်။
(၄) တီဘီရောဂါသည် ကုသ၍ပျောက်ကင်းနိုင်သော ရောဂါဖြစ်ပါသည်။
(၅) တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် ကမ္ဘာပေါ်ရှိ လူသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အမြဲဖိတ်ခေါ်နေပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေနှင့် တီဘီရောဂါကပ်ဆိုးကြီးမှ ကင်းဝေးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရန်အတွက် တီဘီတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံး တီဘီဝေဒနာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မီဒီယာများမှ ပုဂ္ဂိုလ်များနှင့် ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော် တင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ မြန်မာသကြီန်
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတတရားတော် ပဋိစ္စသမုပ္ပါဒ်နှင့် ကမ္မဘဝရှင်းတမ်း**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မြန်မာသကြီန်
၄:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀	၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - Production (စီးပွားရေး၊ စီးပွားစီမံ)
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ မြန်မာ့ရှုခင်း
၆:၄၀	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၂၂)**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၃)**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

သာယာအေးဆရာတော် တရားပွဲ

ရန်ကုန် ဧပြီ ၃

မြောက်ဥက္ကလာပမြို့ ဝေဘာဂီမြို့သစ် အမှတ်(၄)ရပ်ကွက်ရှိ သာသနောဒယမွှာရုံကြီးတွင် ဧပြီ ၅ရက်မှ ဧပြီ ၉ရက်ထိ မဟာစည် နယ်လှည့်ဓမ္မကထိက သာယာအေးဆရာတော် အရှင်နရသေဌက အခြေခံဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုပေါင်း၍ ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေး လမ်းဘေးဝဲယာတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ကြိုဆို

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံသို့ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဘေးတို့၌ လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးပတ်ဝန်းကျင်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဘေးဝဲယာတို့၌လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းကြား၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းဘေးဝဲယာတစ်လျှောက်၌ လည်းကောင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကသက်ဆိုင်ရာ မြို့နယ်အလိုက် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးဘေး ဝဲယာ၌အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းနှင့် ကန်ဦးကျောင်းတိုက် လမ်းဆုံအနီး ရေမြောင်းမကြီးကို အောင်ဆန်းရပ်ကွက်နှင့် ဒညင်းကုန်းရပ်ကွက်အကြားတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းမကြီး အကျယ်ချဲ့တူးဖော်ခြင်း၊ အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှုအခြေအနေများကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းဘေးဝဲယာ ရဲစခန်းပတ်ဝန်းကျင်၊ သုခမိန် လမ်းဘေး ဝဲယာနှင့် (ဆ) ရပ်ကွက် ပင်မရေနုတ်မြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှုအခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာမြို့နယ်များအလိုက် သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ အသစ်တူးဖော်ခြင်းများကို သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာမည့် မိုးရာသီကာလတွင် ရပ်ကွက်များနှင့် လမ်းများပေါ်၌ ရေမတင်စေရေး အပိုင်းလိုက်စနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် ရေနုတ်မြောင်းများ စစ်ဆေးခြင်း မြစ်ထွက်ပေါက်များ စစ်ဆေးခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

အလားတူ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း ကမာရွတ်မြို့နယ်၌ ရပ်ကွက်အားလုံးတွင် လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်၌ ကုက္ကိုလမ်းမှ ဆေးရိုးတန်းလမ်းအထိ ကမ်းနားလမ်းမကြီး တစ်လျှောက်တွင် လည်းကောင်း၊ ကျောက်တံတားမြို့နယ်၌ ၃၆လမ်းတွင်လည်းကောင်း၊ စမ်းချောင်းမြို့နယ်၌ ဗားကရာလမ်းနှင့် ဗဟိုလမ်းဆုံတွင် လည်းကောင်း၊ ဆိပ်ကမ်းမြို့နယ်၌ စဉ့်အိုးတန်းဖောတံတားထိပ်မှ ရွာသစ်ချောင်းတံတားအထိလည်းကောင်း၊ ဒဂုံမြို့နယ်၌ ယောမင်းကြီးရပ်ကွက် နဝဒေးလမ်းတွင် လည်းကောင်း၊ ဗဟန်းမြို့နယ်၌ တက္ကသိုလ်ရိပ်သာလမ်းသစ် လမ်းတွင် လည်းကောင်း၊ မရမ်းကုန်းမြို့နယ်၌ အမှတ်(၅)ရပ်ကွက် သုခလမ်းတွင် လည်းကောင်း၊ လှိုင်မြို့နယ် အုတ်ကျင်းဘူတာရုံလမ်းနှင့် အမှတ်(၁)ရပ်ကွက်မှ အမှတ်(၁၆)ရပ်ကွက် အထိတို့တွင် လည်းကောင်း၊ အလုံမြို့နယ်၌ ကမ်းနားလမ်းနှင့် မြောင်းကြီးထိပ်တို့တွင် လည်းကောင်း ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

(က) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင် မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝိုးတက်)မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်

၂။ ကစားသူ ထောင်(၃)နှစ်

၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၀၇:၀၀နာရီမှ ၁၈:၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈:၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❖ ရှေ့ဖုံးမှ

UMCCI အသင်းကြီးကို UMFCCI အသင်းချုပ်အဖြစ် အဆင့်မြှင့်ဖွဲ့စည်းသည့် ၁၉၉၉ခုနှစ် ဧပြီ ၁ရက်နေ့ကစ၍ ယနေ့အထိ ဆောင်ရွက်ချက်တိုးတက်မှုအချို့ကို တင်ပြလိုကြောင်း။

အသင်းချုပ်၏ အသင်းသားဦးရေသည် အသင်းချုပ်အဖြစ် စတင်ဖွဲ့စည်းစဉ်က ၆၈၄၁ ဦးသာ ရှိခဲ့သော်လည်း ယနေ့တွင် ၁၂၅၅၃ဦး ရှိလာပြီဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဤကာလအတွင်းတွင် ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများ၊ ကုန်သည်အသင်းများ၊ သံတမန်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၁၆၁ဦး လာရောက်ခဲ့သည်ကို လက်ခံတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံရေးကိစ္စ၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံကို လာရောက်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် UMFCCI တို့ပူးပေါင်းပြီး Investment Opportunities Seminary များ၊ Business Meeting များ၊ Business Matching များကိုလည်း စဉ်ဆက်မပြတ်ကျင်းပပေးနိုင်ခဲ့ကြောင်း။

အလားတူ မြန်မာ့ထွက်ကုန်ပစ္စည်းများအတွက် ဈေးကွက်သစ်များရှာဖွေနိုင်ရေး၊ ပြည်ပပို့ကုန် တိုးချဲ့နိုင်ရေးနှင့် ပညာဗဟုသုတ၊ အကြားအမြင်တိုးတက်စေရန်အတွက် ပြည်ပတွင် ကျင်းပသည့် အစည်းအဝေးများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများနှင့် ကုန်စည်ပြပွဲများကို စေလွှတ်ပေးခဲ့ကြောင်း။

ထို့ကြောင့် UMFCCI အဖြစ် Up-Grade လုပ်ပြီးကာလအတွင်းတွင် ပြည်ပပြပွဲ ၄၁ခုကို လုပ်ငန်းရှင်ပေါင်း ၁၃၂၂ဦး စေလွှတ်တက်ရောက်ခဲ့သကဲ့သို့ ကိစ္စရပ်ပေါင်း ၂၅၈မျိုးအတွက် အသင်းသား စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၂၁၁၀ ဦးကို စေလွှတ်နိုင်ခဲ့ကြောင်း။

သင်တန်းများ

အသင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာဗဟုသုတတိုးပွားပြီး Human Resource Development ရရှိရန်အတွက် UMFCCI Level (1, 2, 3) သင်တန်းပေါင်း (၂၅)ကြိမ်၊ International Trade Course အမျိုးအစား သုံးမျိုးတွင် သင်တန်းငါးကြိမ်၊ Business Computing သင်တန်း သုံးကြိမ်၊ Introduction to Internet သင်တန်း ကိုးကြိမ်၊ Utilization of Internet for Business သင်တန်း တစ်ကြိမ်နှင့် Myanmar Rice Marketing Course Program သုံးခုတွင် သင်တန်းငါးကြိမ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ထို့အပြင် WTO Valuation Agreement Workshop for Private Sector သင်တန်း လေးကြိမ်၊ Entrepreneurship Development for Women in Myanmar သင်တန်း တစ်ကြိမ်နှင့် Export Market Promotion သင်တန်း တစ်ကြိမ်တို့ကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

အထူးသဖြင့် မိမိတို့အသင်းချုပ်၏ UMFCCI Training Centre ကို ဂျပန်နိုင်ငံ Ministry of Economic Trade and Industry (METI) နှင့် Japan Overseas Development Corporation (JODC) တို့က အဆင့်မြင့်ပညာရပ်များ သင်ကြားပို့ချနိုင်သည့် Centre of Excellence (COE) အဖြစ် ရွေးချယ် အသိအမှတ်ပြုပြီး ပြည်တွင်းပညာရှင်များ၊ ပြည်ပမှ JODC Expert များက အဆင့်မြင့်သင်တန်းများ လာရောက်ပို့ချခဲ့ကြကြောင်း။

ထို့အတူ ကုန်သည်အချင်းချင်း ဖြစ်ပွားကြသည့် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများကို အသင်းချုပ်၏ ကုန်သွယ်မှုဥပဒေနှင့် အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေးကော်မတီ Arbitration က စေတနာ့ဝန်ထမ်းအနေဖြင့် အမှုများလက်ခံပြီး ညှိနှိုင်းဖျန်ဖြေပေးနေကြောင်း။

အဆောက်အအုံသစ်

အသင်းချုပ်၏ အဆောက်အအုံအသစ်ကို နိုင်ငံတကာအဆင့်မီ ၁၂ထပ်အဆောက်အအုံ ဆောက်လုပ်နေရာတွင် ယခု ကိုးထပ်အထိ အကြမ်းထည်ဆောက်လုပ်ထားပြီးဖြစ်ကြောင်း၊ အောက်ခြေ လေးထပ်ကို ၂၀၀၄ခုနှစ်အတွင်း ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း။

မိမိတို့ ကုန်သည်/စက်မှုအသင်းချုပ်၏ ရည်ရွယ်ချက်များထဲက နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပေါင်းကူးသဖွယ် တက်ကြွစွာဆောင်ရွက်ရန် ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြရန်နှင့် အကျင့်သိက္ခာ ထိန်းသိမ်းကြရန် ကြိုးကြပ်ပေးနေသည့်အပြင် စီးပွားရေးနှင့် ကုန်သွယ်ရေးအခြေအနေများကို လေ့လာသုံးသပ်ပြီး ပိုမိုကောင်းမွန်အဆင်ပြေစေမည့် အကြံပြုချက်များကိုလည်း သက်ဆိုင်ရာသို့ အကြံပြု တင်ပြနေပါကြောင်းနှင့် ယနေ့ကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားမည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်သြဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ် ဆက်လက်ခံယူပြီး လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါကြောင်းဖြင့် တင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်ဖြစ်ထွန်းစေရန် အဘက်ဘက်က အားပေးဆောင်ရွက်နေသည့် ယနေ့အချိန်အခါတွင် ပုဂ္ဂလိကတိုင်းရင်းသား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပသည့် အမျိုးသားဇာတ်ရုံ၌ အသင်းဝင်ကုမ္ပဏီများ ခင်းကျင်းပြသထားသော မြန်မာ့ထွက်ကုန် ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်သာမက ဤတိုင်းရင်းသား စီးပွားရေးလုပ်ငန်းများ အားလုံးအနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီး၏ အလံတော်အောက်တွင် စုစည်းခိုင်မာသည့် အမျိုးသားစီးပွားရေး အင်အားစုကြီးအဖြစ် အခိုင်အမာ ဖြစ်ထွန်းနေခြင်းသည် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ကြိုးပမ်းနိုင်မှု၏ ရလဒ်ကောင်းပင်ဖြစ်ကြောင်း။

အမျိုးသားစီးပွားရေးဘဝ၏ ပင်မအခြေခံများဖြစ်သည့် ဘဏ္ဍာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှု စသည့် နယ်ပယ်ကဏ္ဍအထွေထွေက ပုဂ္ဂလိက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးအဖွဲ့အစည်းများ အားလုံးကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးအနေဖြင့် တစည်းတလုံးတည်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် စည်းရုံးဦးဆောင်ပြီး အသင်းချုပ်ကြီး၏ မွန်မြတ်မြင့်မားသည့် ရည်မှန်းချက် လုပ်ငန်းတာဝန်များ အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းကို ကြိုဆို ဂုဏ်ပြုရမည်ဖြစ်ကြောင်း။

ယုံကြည်မျှော်လင့်

အမျိုးသားစီးပွားရေးဘဝ၏ နယ်ပယ်ကဏ္ဍစုံက ပုဂ္ဂလိကတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ယခုကဲ့သို့ စုံစုံညီညီ ဆုံစည်းခိုက်တွင် နိုင်ငံတော်အစိုးရ၏ စီးပွားရေးဆိုင်ရာမူဝါဒ သဘောထားခံယူချက်များနှင့် အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာစေရေးကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရခြင်းအားဖြင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများတွင် များစွာ အထောက်အကူပြုလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိကြောင်း ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတို့ မှန်ကန်သော အားထုတ်ကြိုးပမ်းမှုဖြင့် တိုးတက်ကြီးပွားစေရေး၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ်နှင့် နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်စေရေးတို့အတွက် ရည်မှန်းပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင် အားထုတ်မှုစွမ်းပကားကို အားပြုပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဤရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ မိမိတို့၏ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံသည့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစွာဖြစ်ထွန်းနေမှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို မျက်မှောက်ခေတ်မှသည် အနာဂတ်ကာလတိုင် ထိန်းသိမ်းသယ်ဆောင်မြှင့်တင်သွားနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နေမှုတို့ အပါအဝင် အမျိုးသားရေးစွမ်းအားများကို ဘက်စုံကဏ္ဍစုံတွင် အခိုင်အမာတည်ဆောက်ထားနိုင်ရေးသည် လွန်စွာမှအရေးကြီးလှကြောင်း။

အရေးပါ

အထူးသဖြင့် ယနေ့အချိန်အခါလို ဓနအင်အားနှင့် နည်းပညာစွမ်းအားတွင် အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့ကနေ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် ခွဲခြားဆက်ဆံမှု အမျိုးမျိုးပြုလုပ်ပြီး ကမ္ဘာ့နိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာကွာဟမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် အဆိုပါ နိုင်ငံကြီးအချို့က ဖန်တီးလုပ်ဆောင်နေသည့် အခြေအနေအချိန်အခါမျိုးတွင် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာလာရေးသည် အလွန်တရာမှ အရေးပါလှကြောင်း။

ထို့အပြင် နိုင်ငံတကာတွင် စီးပွားရေးအရ လွှမ်းမိုးခြယ်လှယ်မှုများ တိုးပွားလာနေသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာစေရေးအတွက် အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်နေကြရသကဲ့သို့ စီးပွားရေးကောင်းမွန်ပြီး ဓနအင်အားကြွယ်ဝသည့် နိုင်ငံကြီးအချို့ပင်လျှင် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေ့တန်းတင် ကာကွယ်စောင့်ရှောက်သည့် အစီအစဉ်များ၊ အထိန်းအကွပ်များကို နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးနယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြရသည့် အခြေအနေများလည်း ကြုံတွေ့နေရပြီဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်

ထို့ကြောင့် သူတစ်ပါးဩဇာ လွှမ်းမိုးခြယ်လှယ်မှု ကင်းရှင်းစွာဖြင့် ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်စေရေးအတွက် ကိုယ့်နိုင်ငံ ကိုယ်ကြိုးပမ်းတည်ဆောက်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံတော်အတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ တိုးပွားဖြစ်ထွန်းလာစေရအောင် တစ်မျိုးသားလုံးက အားကြိုးမာန်တက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း၊ အလားတူပင် နိုင်ငံတကာ မျက်နှာစာတွင်လည်း ပြိုင်ဆိုင်မှုထက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို လိုလားသည့် မိတ်ဆွေနိုင်ငံများအချင်းချင်း နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိနေရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ အောင်မြင်တိုးတက်ဖြစ်ထွန်းမှသာ အခြေခံခိုင်မာသည့် အမျိုးသားစီးပွားရေးဘဝကို တည်ဆောက်နိုင်မည်ဟု အလေးအနက် ခံယူထားသည့်အားလျော်စွာ နိုင်ငံတော်အစိုးရ စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ယှဉ်တွဲပြီး အပြန်အလှန်အကျိုးပြုအောင်မြင်ဖြစ်ထွန်းနေစေရအောင်နှင့် အမျိုးသားစီးပွားရေးဘဝ၏ ဖန်တီးနိုင်မှုစွမ်းအားကို နိုင်ငံတော်အစိုးရ စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ လက်ဝယ်မှာ ခိုင်မြဲနေစေရအောင် အဘက်ဘက်က အားပေးစောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖြန့်ကြက်ဖြစ်ထွန်းနေ

ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုများကြောင့် ယခုဆိုလျှင် တိုင်းရင်းသား ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးများ၊ ခေတ်မီစက်မှုကုန်ထုတ် လုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ စီးပွားရေးဗဟိုဌာနများ၊ ခေတ်မီကုန်တိုက်ကြီးများ၊ အဆင့်မြင့်အိမ်ရာစီမံကိန်းများ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းများ၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ခံတံတားများ၊ လမ်းမကြီးများအပါအဝင် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ၊ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ စီးပွားကုန်သွယ်ရေးလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုလုပ်ငန်းများ စသည့် အောင်မြင်ဖြစ်ထွန်းနေသည့် တိုင်းရင်းသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများသည် နယ်ပယ်စုံကဏ္ဍစုံတွင် ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်သည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယခုအခါတွင် ဤကဲ့သို့ ...
စီးပွားရေးလုပ်ငန်းများကို စည်း...
အဖြစ် စုစည်းပျိုးထောင်ပေးသည...
ကုန်ထုတ်လုပ်ရေး၊ စီးပွားကုန်...
ခရီးသွားလာရေး၊ ငွေကြေးနှင့်...
ဆိုင်ရာဆိုင်ရာ ကဏ္ဍများအလိုက်...
မာမာ ထူထောင်ပေးထားပြီးလ...

ကာကွ...

ဤကဲ့သို့ နိုင်ငံတော်အ...
အသင်းအဖွဲ့များအားလုံးကို တ...
စွမ်းအားစုကြီးအဖြစ် စည်းရုံးဖွဲ့...
စက်မှုလက်မှုလုပ်ငန်းရှင်များ အ...
ပေးခဲ့ပြီးဖြစ်သည့်အတွက် ယ...
စက်မှုလက်မှုလုပ်ငန်းရှင်များ ...
ပုဂ္ဂလိကကဏ္ဍ စီးပွားရေးစွမ်းအ...
အနေဖြင့် နိုင်ငံတကာစီးပွားရေ...
တန်းတူရည်တူ ဆက်သွယ်ဆ...
ထိထိရောက်ရောက် ကာကွယ်...

ယနေ့အချိန်အခါတွင် နိုင်င...
တွင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်ဒေ...
အစည်းများနှင့် ဒေသတွင်း အဖွဲ့...
ပူးပေါင်းဆောင်ရွက်မှုများ၊ စီးပွ...
လျက်ရှိရာတွင် မြန်မာနိုင်ငံကုန်...
အသင်းချုပ်ကြီးကိုလည်း ပုဂ္ဂလိ...
နိုင်သည့် အမျိုးသားအဆင့် အဖွဲ့...
ဆက်ဆံစေလျက်ရှိကြောင်း။

ကြို...

ပြည်ထောင်စု မြန်မာနိုင်...
တစ်နိုင်ငံဖြစ်သည်နှင့်အညီ အ...
ချက်များ အောင်မြင်ဖြစ်ထွန်းစေ...
နှင့် စီးပွားရေးပူးပေါင်းဆောင်ရွ...
မိမိနိုင်ငံတော် အတွင်းတွင်လည်း...
ဆိုင်ရာ ထိန်းညှိမှုများ၊ ပြုပြင်...
ရှိကြောင်း။

၁၉၉၇ခုနှစ် မလေးရှားနိုင်...
အလွတ်သဘောထိပ်သီးအစည်းအ...
အာဆီယံမျှော်မှန်းချက် (ASEA...
အထည်ဖော် ဆောင်ရွက်သွား...
ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် (၆)...
ချမှတ်ခဲ့သည့် ဟနွိုင်းလုပ်ငန်...
တွင် ပါဝင်သည့်အတိုင်း အာ...
(ASEAN Free Trade Area ...
(ASEAN Investment Area ...

စေရန်အတွက် ပြည်ထောင်စုမြ...
အတွင်း အကောက်ခွန်နှုန်းထား...
နှင့် အခွင့်အရေး ဖန်တီးပေး...
ဖြစ်ကြောင်း။

စီမံ...

ထို့အပြင် ၂၀၀၃ခုနှစ် အင်...
နဝမအကြိမ်မြောက် အာဆီယံထိ...
အသင်းကြီး၏ ရေရှည်မျှော်မှန်...
Concord II တွင်လည်း အာ...
စီးပွားရေး အသိုက်အဝန်းနှင့် လူ...
အဓိကမဏ္ဍိုင် Pillars ကြီး သ...
ရန်လည်း စီမံသတ်မှတ်ထားပြီး...

ဤ Pillars ကြီး သုံးရပ်...
စီးပွားရေး အသိုက်အဝန်း (AS...
အာဆီယံနိုင်ငံများအကြား ကုန်...
များကို လွတ်လပ်စွာစီးဆင်းနေ...
ဈေးကွက်နှင့် တစ်ခုတည်းသော...
မျှော်မှန်းထားသည်ကို တွေ့နိုင်...

ယခုအခါတွင် ဤကဲ့သို့ တိုးတက်ဖြစ်ထွန်းနေသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို စည်းလုံးညီညွတ်သည့် စီးပွားရေးအင်အားစုများအဖြစ် စုစည်းပျိုးထောင်ပေးသည့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကုန်ထုတ်လုပ်ရေး၊ စီးပွားကုန်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေးစသည့် စွမ်းအားစုများအလိုက်၊ ဆိုင်ရာဆိုင်ရာ ကဏ္ဍများအလိုက် စီးပွားရေးအသင်း အဖွဲ့များအဖြစ် ခိုင်ခိုင်မာမာ ထူထောင်ပေးထားပြီးလည်းဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်နိုင်

ဤကဲ့သို့ နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ပေါ်လာသည့် စီးပွားရေးအသင်းအဖွဲ့များအားလုံးကို တစုတစည်းတည်းသော အမျိုးသားစီးပွားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဖွဲ့စည်းထားသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးကိုလည်း အခိုင်အမာ တည်ထောင်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယခုဆိုလျှင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးသည် မြန်မာနိုင်ငံတော်၏ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးစွမ်းအားစုကြီးကို ကိုယ်စားပြုသည့် အသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတကာစီးပွားရေး အသင်းအဖွဲ့များနှင့် ဂုဏ်သိက္ခာရှိရှိ တန်းတူရည်တူ ဆက်သွယ်ဆက်ဆံရင်း အမျိုးသားရေးအကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်နေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့်သော်လည်းကောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ကြီးကိုလည်း ပုဂ္ဂလိကကဏ္ဍတွင် မြန်မာနိုင်ငံတော်ကို ကိုယ်စားပြုနိုင်သည့် အမျိုးသားအဆင့် အဖွဲ့အစည်းကြီးအဖြစ် နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံစေလျက်ရှိကြောင်း။

ကြိုတင်ပြင်ဆင်နေ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံမိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအသင်းကြီး၏ စီးပွားရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် အာဆီယံမိသားစုဝင်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိနိုင်ငံတော် အတွင်းတွင်လည်း အာဆီယံမျှော်မှန်းချက်များနှင့်အညီ စီးပွားရေးဆိုင်ရာ ထိန်းညှိမှုများ၊ ပြုပြင်မှုများ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း။

၁၉၉၇ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံအလွတ်သဘောထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သည့်ခရစ်နှစ် ၂၀၂၀ပြည့်နှစ်၊ အာဆီယံမျှော်မှန်းချက် (ASEAN VISION-2020)ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်စေရန်နှင့် ၁၉၉၈ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် ချမှတ်ခဲ့သည့် ဟနွိုင်းလုပ်ငန်းစီမံချက် (Hanoi Plan of Action) တွင် ပါဝင်သည့်အတိုင်း အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area - AFTA)နှင့် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ (ASEAN Investment Area - AIA) တို့ကို အကောင်အထည်ဖော်နိုင်

နှုတ်ခွန်းဆက်စကားပြောကြား

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

စေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံနိုင်ငံများအတွင်း အကောက်ခွန်နှုန်းထား လျှော့ပေါ့မှုများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် အခွင့်အရေး ဖန်တီးပေးမှုများကို စတင်စီမံဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

စီမံသတ်မှတ်ထား

ထို့အပြင် ၂၀၀၃ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် ချမှတ်ခဲ့သည့် အာဆီယံအသင်းကြီး၏ ရေရှည်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များဖြစ်သည့် Bali Concord II တွင်လည်း အာဆီယံဒေသကြီးကို လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေး အသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုသည့် အဓိကမဏ္ဍိုင် Pillars ကြီး သုံးရပ်အပေါ်တွင် အခြေခံတည်ဆောက်သွားရန်လည်း စီမံသတ်မှတ်ထားပြီးဖြစ်ကြောင်း။

ဤ Pillars ကြီး သုံးရပ်အနက် ဒုတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community) သည် အာဆီယံနိုင်ငံများအကြား ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာစီးဆင်းနေစေပြီး အာဆီယံဒေသကို တစ်ခုတည်းသော ဈေးကွက်နှင့် တစ်ခုတည်းသော ထုတ်လုပ်မှုဒေသအဖြစ် ပေါ်ထွန်းလာစေရန် မျှော်မှန်းထားသည်ကို တွေ့နိုင်ကြောင်း။

ဤအစီအမံများအရ အာဆီယံဒေသကြီးတစ်ခွင်လုံး ပါဝင်သည့် ဈေးကွက်ကြီးတွင် အကောက်ခွန်နှုန်းထားများကို ငါးရာခိုင်နှုန်းမှ သုညရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်သည့်အတွက် ကုန်စည်များ တစ်နိုင်ငံနှင့် တစ်နိုင်ငံ လွတ်လပ်စွာ စီးဝင်နေမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ထုတ်ကုန်များကို အရည်အသွေးအားဖြင့်ရော၊ ဈေးနှုန်းအရပါ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုအပ်မည်ဖြစ်ကြောင်း။

ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်

အလားတူပင် အာဆီယံနိုင်ငံများက ရင်းနှီးမြှုပ်နှံသူများကို မိမိနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့်မခြား တန်းတူအခွင့်အရေးပေးရမည်ဖြစ်သည့်အတွက် မိမိတို့ တိုင်းရင်းသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ထားရန်လည်း လိုအပ်လာမည်ဖြစ်ကြောင်း။

တစ်ဖက်မှကြည့်လျှင်လည်း ဤကဲ့သို့ တန်းတူရည်တူ ယှဉ်ပြိုင်မှုများသည် အခြားသော အာဆီယံနိုင်ငံများအတွင်းတွင် မိမိတို့အတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာနိုင်မည်ဖြစ်သကဲ့သို့ အကျိုးတူပူးပေါင်းမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ စီးဆင်းဝင်ရောက်မှုများစသည့် အခြေခံကောင်းများ တိုးပွားလာမည်ဖြစ်သည့်အတွက် မိမိတို့၏စီးပွားရေးလုပ်ငန်းများနှင့်တကွ အမျိုးသားရေးအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် အလားအလာကောင်းများအဖြစ် ရှုမြင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ထို့အပြင် ၂၀၀၃ ခုနှစ်က ပုဂံမြို့၌ ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံအစည်းအဝေးတွင် မိမိတို့ လေးနိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတစ်ရပ်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဤမဟာဗျူဟာအရ လေးနိုင်ငံအကြား နယ်စပ်ဒေသများတွင် စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရန်နှင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်းပိုမိုကောင်းမွန်သည့် ဒေသများသို့ ပြောင်းရွှေ့ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် လေးနိုင်ငံအကြား ဝင်ငွေကွာဟမှုကို လျော့နည်းစေရန်ဆိုသည့် ရည်မှန်းချက်များနှင့်အညီ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုသည့် ကဏ္ဍကြီးခုနစ်ရပ်တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် ရည်မှန်းချက်များ လက်တွေ့အောင်မြင်ဖြစ်ထွန်းစေမည့် အစီအမံအချို့ကို စတင်စီမံဆောင်ရွက်နေပြီဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ၏ အခွင့်အလမ်းများ အများအပြား ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

တိုးမြှင့်ဆောင်ရွက်

ထို့မျှမကအာဆီယံ + ၃ ခေါ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ + အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုများအပြင် မြန်မာနိုင်ငံပါဝင်သည့် BIMST-EC မိသားစုဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ GMS ခေါ်သည့် Greater Mekong Subregion တွင် ပါဝင်သည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ပါဝင်သည့် JEQC ခေါ်သည့် Joint Economic Quadrangle Committee အတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုလည်း နိုင်ငံတော်အနေဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့်လည်း နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်ဖြစ်ထွန်းနေပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်ဖြစ်ထွန်းလျက် ရှိနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အပိုင်းက အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းရေးအတွက် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နေသဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် အောင်အောင်မြင်မြင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အရေးများ ရရှိလာသည့်အပြင် ပုဂ္ဂလိက အဖွဲ့အစည်း အချင်းချင်း၊ ကုမ္ပဏီအချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ရောင်းဝယ်ဖောက်ကားမှုများလည်း တိုးတက်ဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း။

ပိုမိုကျယ်ပြန့်

လက်ရှိအချိန်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီး၏ ကိုယ်စားလှယ်များသည် ASEAN-CCI အဖွဲ့၏ ဥက္ကဋ္ဌတာဝန်နှင့် အထွေထွေအတွင်းရေးမှူးတာဝန်၊ GMS Business Forum ၏ ဥက္ကဋ္ဌတာဝန်တို့ကို တာဝန်ယူထားလျက်ရှိနေပြီး အပြည်ပြည်ဆိုင်ရာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (International Chamber of Commerce) တွင်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းနေသဖြင့် ဒေသတွင်းစီးပွားကုန်သွယ်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာသည်ကိုလည်း တွေ့ရကြောင်း။

ဤကဲ့သို့ အခြေအနေအချိန်အခါတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် မိမိတို့၏အမျိုးသားရေးအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရေးနှင့် မြန်မာတိုင်းရင်းသား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အကျိုးရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အဆင့်တွင် ရည်မှန်းဆောင်ရွက်နေသည့် အမျိုးသားစီးပွားရေးဆိုင်ရာ မူဝါဒများ၊ အာဆီယံအသင်းကြီးနှင့် ဘင်းမ်စတက်အဖွဲ့ကြီးတို့ အပါအဝင် ဒေသတွင်းအဖွဲ့အစည်းများက ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့် လိုက်လျောညီထွေ တိုးတက်ဖြစ်ထွန်းမှုများ စဉ်ဆက်မပြတ် ရှိနေစေရအောင် စီမံဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးအနေဖြင့် မိမိအသင်းဝင် စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များကို နိုင်ငံတကာစီးပွားရေး အသိအမြင်၊ အတွေ့အကြုံများ တိုးပွားစေရန်အတွက် နိုင်ငံတကာစီးပွားရေးပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ပြည်တွင်း ပြည်ပ အဆင့်မြင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးမှုများ၊ ပြည်တွင်းပြည်ပကုန်စည်ပြပွဲများ စီစဉ်ဆောင်ရွက်ပေးနေခြင်းများသည် အလွန်ကောင်းမွန်သည့်တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသည့်သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များကို စီးပွားရေးကဏ္ဍအသီးသီးတွင် တွင်တွင် ကျယ်ကျယ်အသုံးပြုနိုင်ရန် e-Commerce၊ e-Procurement၊ e-Government စနစ်များနှင့် လိုက်လျောညီထွေစွာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍများတွင်လည်း တိုးတက်ဖြစ်ထွန်းစေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင်လည်း စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အားပေးစောင့်ရှောက်နေ

အဓိကအားဖြင့် နိုင်ငံတော်အစိုးရက မိမိနိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ တိုးတက်ကြီးပွားရေးအတွက် စေတနာရှေ့ထားအားပေးစောင့်ရှောက်ပေးနေသကဲ့သို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုများမှသည် နိုင်ငံတော်နှင့် ပြည်သူအများ၏ အကျိုးစီးပွားတိုးတက် ဖြစ်ထွန်းစေရမည်ဆိုသည့် ခံယူချက်နှင့် မိမိတို့ ပုဂ္ဂလိကကဏ္ဍက အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်သွားနိုင်စေရအောင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ကြီးက ဆက်လက်စည်းရုံးဦးဆောင်သွားရန် လိုအပ်ကြောင်းပြောကြားလိုကြောင်း။

တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းကဏ္ဍအလိုက်စုစည်းတည်ထောင်ထားသည့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များအားလုံးကလည်း မိမိတို့စီးပွားရေးလုပ်ငန်းများနှင့်တကွ နိုင်ငံတော်နှင့်ပြည်သူများအတွက် ရေရှည်ခိုင်ခံ့သည့် အကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေးရှုပြီး အမျိုးသားစီးပွားရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ စီးပွားကုန်သွယ်မှုဆိုင်ရာ ကျင့်ဝတ်သိက္ခာများနှင့်အညီ မှန်ကန်ပြည့်စုံသည့် စီးပွားရေးအခြေခံကောင်းများ၊ တည်ငြိမ်ခိုင်မာသော စီးပွားရေးပတ်ဝန်းကျင်ကောင်းများ အစဉ်ထာဝရဖြစ်ထွန်းနေစေရအောင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီး၏ ဦးဆောင်မှုကိုခံယူပြီး စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

တက်ညီလက်ညီ ပူးပေါင်းပါဝင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အဖွဲ့ချုပ်ဝင် အသင်းများအားလုံး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီး၏ အလံတော်အောက်တွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး

- **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ မြင့်မားခိုင်မာရေးနှင့် ပြည်သူအများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စီးပွားကုန်သွယ်မှုကဏ္ဍက ထိထိရောက်ရောက် အထောက်အကူပြုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အမှီအခိုကင်းရှင်းစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေး၊ မိမိအမျိုးသားရေး အကျိုးစီးပွားကို မိမိဘာသာ ဖန်တီးဖော်ဆောင်နိုင်ရေး ဦးတည်ပြီး အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားခိုင်မာစေရအောင် တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင် သွားကြပါ၊**
- **တည်ငြိမ်ခိုင်မာသည့် စီးပွားရေးပတ်ဝန်းကျင် ဖြစ်ထွန်းရေးအတွက် နိုင်ငံတကာစီးပွားရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **မိမိ၏အကျိုးစီးပွား၊ နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွား တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာရေးအတွက် မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် အမျိုးသားစီးပွားရေး ဘဝခိုင်မာတောင့်တင်းပြီး ရေရှည်တိုးတက် ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **မကြာမီကာလတွင် ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးနှင့် အသင်းချုပ်ကြီး၏ အလံတော်အောက်မှာရှိကြသည့် အသင်းအသီးသီးတို့က မိမိတို့ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်ကြပါ**

ဟုတိုက်တွန်းမှာကြားပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသား ဇာတ်ရုံဝင်းအတွင်း ခင်းကျင်းပြသထားသော သာကေတစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီက ထုတ်လုပ်ပြသထားသည့် Light Truck ကားများ၊ လှိုင်သာယာစက်မှုဇုန်မှ ထုတ်လုပ်ပြသထားသည့် Fibre Glass ဖြင့် ပြုလုပ်သော ပုံစံမျိုးစုံ ကားပစ္စည်းအစိတ်အပိုင်းများ၊ ဘော်ဒီပိုင်းနှင့် ဖရိန်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၊ ရွှေသာယာ Wagonကားများနှင့် ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ ထုတ်လုပ်ပြသထားသည့် ဒဂုံဒရက်ဂွန် (SSS Super Carrier) ကားများကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

မြန်မာ့ရုပ်မြင်သံကြ...
အစီအစဉ်

၄-၄-၂၀၀၄ (တနင်္ဂနွေ...

၁၃၆၅ ခုနှစ်၊

နှောင်းတန်ခူးလပြည့်(ဥပုသ်...

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်း... တော်ကြီး နိုင်ငံတော် ... မဟာနာယကအဖွဲ့ အ... တော်ဆောင်ချုပ်၊ အဘိ... မဟာရဋ္ဌဂုရု၊ အဘိဓဇ... မဟာ သဒ္ဓမ္မ ဇောတိက... တိပိဋကရေ မမ္မဘဏ္ဍာ... ဂါရိက ဆရာတော် ဘ... ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊မမ္မဘဏ္ဍာ... အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်... ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစား...
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာ...
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမ...
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၁၅ ၈။ ဟင်းရွက်ရေလှောင်တ...
၈:၃၀ ၉။ International New...
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်...
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ... နက်ရှိုင်းမေတ္တာ(အပိုင်း...**
၁၂:၁၅ ၅။ သံလွင်တံတား(မော်လ... တည်ဆောက်ရေး ဂုဏ်ပြုအစီအစဉ်(၂)
၁၂:၃၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း... "သူများပြောတိုင်းတို့မ... (လွင်မိုး၊ခိုင်သင်းကြည်... ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး)**
၂:၁၅ ၇။ တေးဂီတအစီအစဉ်
၂:၃၀ ၈။ ဖိုက္ကရဲရေထိန်းတံခါး
၂:၄၅ ၉။ International New...
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေ...
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သ... ထက်မြက်ရေးတေးများ...
၄:၃၀ ၃။ English For Everyday...
၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပည... ရုပ်မြင်သံကြားသင်ခန်းစာ... - ပထမနှစ် (အထူးပြုအာ... (အင်္ဂလိပ်စာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသာ... တေးသံသာ
၅:၃၀ ၇။ တေးဂီတအစီအစဉ်
၅:၄၅ ၈။ တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ (အပိုင်...
၅:၅၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့် (အပိုင်း-၁)**
၇:၃၅ ၁၃။ စိုက်ပျိုးစွမ်းအားပြည်ထွန်...
၇:၄၅ ၁၄။ ပညာပါရမီကုသိုလ်တော်... နတ်လူသာခုခေါ်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှောင်ကြိုး၏လက်ဆော... (လွင်မိုး၊အောင်လွင်၊နန္ဒာ... ဒါရိုက်တာ-မောင်မျိုးမင်း... (ရင်းတွင်းဖြစ်)**
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ... ပွားများခြင်းတရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

● စာမျက်နှာ ၉ မှ

ထို့အတူ အခမ်းအနားမစတင်မီကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသားဓာတ်ရုံအဝင်ခန်းမ၌ ခင်းကျင်းပြသထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အသင်းဝင်လုပ်ငန်းရှင်များ တီထွင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် တိုင်းရင်းဆေးဝါးများ၊ မီးချောင်းနှင့် မီးလုံးများ၊ အဝတ်အထည်များ၊ ကိုယ်လိမ်းပေါင်ဒါနှင့် ခေါင်းလျှော်ရည်၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ကုန်ကြမ်းပစ္စည်းများနှင့် ကုန်ချောပစ္စည်းများ၊ လွယ်အိတ်များ၊ ရိုးရာဝတ်စုံများ၊ ရေခဲသေတ္တာ၊ ကျောင်းသုံးဗလာစာအုပ်၊ စက်ဘီးတာယာနှင့် ကျွတ်၊ စားသောက်ကုန်ပစ္စည်းများ၊ အဆောက်အအုံနှင့် ကွန်ပျူတာများတွင် တပ်ဆင်အသုံးပြုရမည့် လုံခြုံရေးစနစ်သုံး ပစ္စည်းကိရိယာများ၊ မီးအားမြင့်စက်နှင့် အင်တင်နာများ၊ မြေပဲဆီအမျိုးမျိုး၊ ရွှေငွေကြေးတို့ဖြင့် ပြုလုပ်ထားသည့် မြန်မာ့ရိုးရာ အနုပညာလက်မှုပစ္စည်းများနှင့် အိမ်သုတ်ဆေးတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် တင်သွင်းသည့် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ဖတ်ကြားတင်သွင်းပြီး အသင်းဝင်များ၏ သဘောတူညီမှုရယူကာ အတည်ပြုသည်။

ရှင်းလင်းဖြေကြား

ဆက်လက်၍ အသင်းချုပ် အသင်းဝင်များက ကြိုတင်ပေးပို့ထားသော မေးမြန်းချက်နှင့် အကြံပြုချက်များကို အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သိက္ခာထပ်၊ ရဟန်းခံ ရှင်ပြုမင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၃

ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၃)ရပ်ကွက် ရှင်ထွေးညိုလမ်းရှိ သုခမာန်အောင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကေသရ ကြီးမှူးသော သိက္ခာထပ်၊ ရဟန်းလောင်း ၅၀နှင့် ရှင်သာမဏေ ၁၀၈ပါးတို့အား သာသနာ့ဘောင်သို့ ချီးမြှောက်သွတ်သွင်း ပူဇော်ပွဲကို ဧပြီ ၁ ရက်နံနက် ၉နာရီတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အောင်မြေဘုံစံဆရာတော်ကြီး၊ သုခမာန်အောင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကေသရ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဗိုလ်မှူးကြီးတင်ထွန်းနှင့် ရန်ရှင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက အောင်မြေဘုံစံဆရာတော်ကြီးထံမှ ငါးပါးသီလနှင့် ရေစက်ချတရားတော် နာကြားပြီး တက်ရောက်လာကြသော ဒါယကာ၊ ဒါယိကာမအပေါင်းတို့က လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နယ်စပ်ဒေသ ယဉ်ကျေးမှုအဖွဲ့ဝင်များ လေ့လာရေးခရီးစတင်

ရန်ကုန် ဧပြီ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲကြမည့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ဧပြီ ၁ရက်မှစတင်၍ ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ တာဝန်ရှိသူများက နေရာအလိုက် ကြိုဆိုခဲ့ကြသည်။

တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူး ဉာဏ်လင်းမြင့် လိုက်ပါလျက် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ မဟာဝိဇယစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။ (သတင်းစဉ်)

တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့တွင် ဆက်လက်လေ့လာ

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့-အဖွဲ့ဝင် မစ္စတာ လျိုကျန်းမိန် ခေါင်းဆောင်သည့် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ရှင်းလင်းပြသ

ထို့နောက် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ညွှန်ကြားရေးမှူးများက မြန်မာအသံနှင့်ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအကြောင်းသိကောင်းစရာများကို ပြောကြားကြပြီး လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှု

မွန်းလွဲပိုင်းတွင် တရုတ် သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်နှင့် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ (သတင်းစဉ်)

တစ်နိုင်ငံတစ်ပိုင် မွေးမြူရေးအစာစပ်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မွေးမြူရေးအစာထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများ အသင်း တစ်နိုင်ငံတစ်ပိုင် မွေးမြူရေး အစာစပ်အလုပ်ရုံဆွေးနွေးပွဲကို မတ်၃၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် မွေးမြူရေး အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအုန်းလွင်တို့က အမှာစကား ပြောကြားကြသည်။

စာတမ်းဖတ်ကြား

ဆက်လက်၍ တစ်နိုင်ငံတစ်ပိုင် မွေးမြူရေးအစာစပ်အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပရာ ဓာတ်ခွဲခန်းမှ စမ်းသပ်တွေ့ရှိသော အာဟာရ တန်ဖိုးစာတမ်းကို ဒေါက်တာမိုးမိုးသိန်းကလည်းကောင်း၊ ဒေသနှင့် ရာသီဥတုအခြေအနေအရ မွေးမြူရေး အစာစပ်နည်းစနစ်ကို ဒေါက်တာသက်မှူးကလည်းကောင်း၊ ဒေသနှင့် ရာသီဥတုအခြေအနေအရဖြည့်စွက်ဆေးဝါးများ သုံးစွဲမှုကို ဒေါက်တာသိန်းထွန်းကလည်းကောင်း အသီးသီး ဖတ်ကြားပြီး တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။

မိတ်ဆက်တင်ပြ

ဆက်လက်၍ အစာအတွက် လိုအပ်သော ဖြည့်စွက်ဆေးများအကြောင်း မိတ်ဆက်တင်ပြပြီး ဒုတိယဝန်ကြီး ဦးအောင်သိန်းက ဖြည့်စွက်အမှာစကားပြောကြားကာ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

လက်မှတ်ချီးမြှင့်

သာကေတမြို့နယ် အမက(၂၈) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကို ကျောင်းခန်းမ၌ မတ် ၂၀ရက်က ကျင်းပရာ စတုတ္ထတန်းကျောင်းသူ မသက်သက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့ဝင်းက လက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် သင်္ကြန်(၁၀)ရက် တရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၃

သင်္ဃန်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၌ မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားစခန်းကို အဌမအကြိမ်မြောက်အဖြစ် ဧပြီ ၈ရက်မှ ၁၈ရက် အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသူများနှင့် လှူဒါန်းလိုသူများသည် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် ပစ္စယာနုဂ္ဂဟအဖွဲ့ ဖုန်း ၀၁-၅၇၁၁၃၄ သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

အာစရိယပူဇော်

လုပ်သားများကောလိပ် မြန်မာစာ မိသားစု(၁၉၆၅-၂၀၀၄) ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ရက်က တက္ကသိုလ်များမွှော်ရုံ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (က-ပ)

တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၃

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ၆နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ နဝမနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

ယင်းပြပွဲတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတ ဉာဏ်စမ်းမေးခွန်းလွှာ ဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂နာရီတွင် ကျင်းပပေးရာ စိတ်ပါဝင်စားသူများ ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူများအား နေ့စဉ်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၈၉၅ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပျဉ်းမနားမြို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

✧ ပေါင်းလောင်းမှ အချိန်တိုအတွင်း အထွက်နှုန်း မြင့်မားသည့် သီးနှံမျိုးစေ့များ၊ သုတေသနပြုထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် သုတေသနပြု နိုင်ရေးတို့ကို ဆောင်ရွက်သွားကြရာ၌ အားပေးမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စပါး၊ မျိုးစေ့ဘဏ် သုတေသန ပြခန်း(၁)နှင့် သုတေသန ပြခန်း(၂)တို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဇဟိုစိုက်ပျိုးရေး သုတေသန စိုက်ကွင်းရှိ မျိုးစေ့ထုတ်လုပ်ခြင်း စံကွက်၌ (IR-58025. A နှင့် IR -58025. B)စပါး စိုက်ပျိုးရှင်သန် အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေါင်းလောင်းရေလှောင်တမံ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပေါင်းလောင်းရေလှောင်တမံ ရေကူစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က ပေါင်းလောင်း ရေလှောင်တမံ ရေကူစီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က သတ်မှတ်ချိန်ပြီးစီးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များကို မြေပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုမှာကြားပြီး ပေါင်းလောင်းရေလှောင်တမံ ရေကူစီမံကိန်းတည်ဆောက်မည့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

ပျဉ်းမနားမြို့နယ်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်း၏ အထက်ဘက်ပေါင်းလောင်းမြစ်ပေါ်၌ အထက်ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းကို တည်ဆောက်ခြင်းဖြင့် လက်ရှိပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ်လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား ၈၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဆည်မြောင်းခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် ရေလွှဲဥမင်လိုဏ်နှင့်ဆက်စပ်အဆောက်အအုံများ၊ ရေယူအဆောက်အအုံ (Power Intake) ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ မြေအောက်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ကေဗွီ ၂၃၀ ဓာတ်အားလိုင်းနှင့် ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူးဦးဇစ်တာတို့က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၌ မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများအားလုံး အချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ဆောင်ရွက်နေမှုတို့ကို ရုပ်ပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေးနိုင်မည်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ပေါင်းလောင်း ဘက်စုံစီမံကိန်း၌ တာဝန်ယူဆောင်ရွက်နေကြသည့် မြန်မာအင်ဂျင်နီယာများ၊ ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုကို ချီးကျူး မှတ်တမ်းတင်ပါကြောင်း၊ စီမံကိန်းကြီးကိုသတ်မှတ်အချိန်ကာလအတွင်း သေသပ်ပြီးစီးအောင် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုစီမံကိန်းကြီးမှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားများသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လုပ်ငန်းခွင်အတွင်း သွားရောက်၍ ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ Power House ၌ မဂ္ဂါဝပ် ၇၀ စီရှိ စက်လေးလုံး တပ်ဆင်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်စက်ရုံအဝင် ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့အရှေ့ဘက် ၁၁ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၂၈၀ ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ပြီး ၂၀၀၄ ခုနှစ်အတွင်း ပြီးစီးအောင်ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ပြန်လည်ရောက်ရှိ

ယင်းမှ တစ်ဆင့်အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း ကျောက်စီရေလှောင်တမံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၅၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၃

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၅၉)ကိုထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ ရွှေမြိုင်ပြုံးလဲ့မော်၊ တိုးကိုကိုဝင်း၊ လွင်သက်မောင်၊ မောင်ထက်မွန်(ရေစကြို)၊တင့်ထွန်း(ချောက်)၊ မင်းနွယ်အောင်(စုန့်သာမြိုင်)၊ ကိုစိုင်းထက်မြက်သိမ်း၊ ခမ်းစုဝင်းကြည်၊ ဆောင်းမွန်းချစ်၊ မင်းယဉ်စု၊ ထွန်းထွန်း(သာယာဝတီ)၊ မင်းနိုင်လေး (လမ်းမတော်) တို့၏ အဖွင့်ကဗျာများ၊ တက်တိုး၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ပခုက္ကူဦးအုံးဖေ၊ အောင်စည်ဟိန်း၊အမေ့သား၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မကွေးမြင့်မောင်၊ ဒေါက်တာမင်းလဲ့ရီ၊ နီငြိမ်း(အညာတက္ကသိုလ်)၊တက္ကသိုလ်ဇော်မင်း၊ ခင်စောတင့်၊ ဆရာမမွှေပါလ၊ မျိုးမင်းကျော်(ရွှေဟောင်းသုတေသန)၊ မောင်ကြော့ဦး၊မှူးစိုး၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၊ ဇော်ကိုကို(မြန်မာစာ)၊ ဗိုလ်ချုပ်မြေ–မြင့်ဆွေ၊ မိုးထက်မောင်မောင်၊ တက္ကသိုလ်စိုးယဉ်၊ မြင့်ဇော်မြင့်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ကို(တက္ကသိုလ်)၊ ချစ်စံဝင်း၊ မောင်သက်နှင်း(မ/ဥ)၊ မိုးသစ္စာဦး(လားရှိုး)၊ သျှီ(အင်ကြင်း)၊ ခင်ကြူကြူတင်၊ အေးရောမွန်(သချာ)၊ ပုသိမ်အောင်သန်းဦးတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တောခေလေ့စာပန်းချီ၊ ကာတွန်းကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ပညာရွှေတောင်၊ လမင်းအိမ်၊ အမေ့အိမ်၊ မြင့်မိုရ်(၂)၊ စာပေလောက–၅၊ အောင်ပြည့်စုံ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊နဂါး၊ရဲရင့်စာပေ၊ပြည်မြို့အောင်နိုင်၊သုခ၊မကွေးမြို့ အောင်ဖြိုး၊ ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မီလျံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်းစာပေနှင့် ငွေပဒေသာထီဆိုင်၊ ကျောက်တန်းမြို့ သန်းဝင်းရှိန်စာပေ၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(က–ပ)

Myanmar Media Box မိတ်ဆက်ပြပွဲနှင့် MRTV-3 Advertising အကြောင်းရှင်းလင်း

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံတွင် ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်များအား Forever Group Co., Ltd ၏ ထုတ်ကုန်အသစ်ဖြစ်သော MMBox (Myanmar Media Box) မိတ်ဆက်ပြပွဲနှင့် MRTV-3 Advertising အကြောင်းရှင်းလင်းတင်ပြပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်က ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် Forever Group Co., Ltd ၏ မန်နေဂျာ ဒေါ်ခင်ကေခိုင်က MRTV-3 ကြော်ငြာအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအနေဖြင့်MRTV-3 အစီအစဉ်တွင်မည်ကဲ့သို့ပါဝင်ဆောင်ရွက်နိုင်ကြောင်းနှင့်ကြော်ငြာပုံစံ အသစ်အဆန်းများကို မိတ်ဆက်တင်ပြသည်။ ထို့နောက် Forever Group Co., Ltd ၏ မန်နေဂျာ ဦးမျိုးမင်းက MMBox (Myanmar Media Box) အကြောင်း မိတ်ဆက်ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးပြီး အခမ်းအနားအစီအစဉ်ကို မွန်းတည့် ၁၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

Myanmar CP Inter Club Tennis ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် Myanmar CP Inter Club Tennis ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း တက်ရောက်၍ ဆုများကို ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Suphot Thirakaosal ၊ မြန်မာစီပီလိုက်ဖ်စတော့စ်ကုမ္ပဏီမှ ဒုတိယလက်ထောက်ဥက္ကဋ္ဌ Mr. Sawat Kiatphaiboon နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆုချီးမြှင့်ပွဲ မစတင်မီ ဗိုလ်လုပွဲ ပွဲစဉ်များကို သတ်မှတ်ကွင်းများ၌ ကျင်းပသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ထားထားလွင်နှင့် ရတနာတို့အား ဒေါ်ရီရီသာကလည်းကောင်း၊ ဒုတိယဆုရ ကြည်မြမော်နှင့် ပထမဆုရ အေမီထွန်းတို့အား မစ္စယူဂျင်းဆုဇင်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ (ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရ Heroes နှင့် Morning Star(A) အသင်း၊ ဒုတိယဆုရ Top Star ၊ ပထမဆုရ ရောဝတီ၊ (က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုရ တိုင်ဖွန်း၊ ဒုတိယဆုရ ကာကွယ်ရေးနှင့် ပထမဆုရ သစ်တောအသင်းတို့အား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာစီပီလိုက်ဖ်စတော့စ်ကုမ္ပဏီမှ Mr. Phi Chet က ပြိုင်ပွဲကျင်းပခြင်း အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ Mr. Phi Chet က Myanmar CP Inter Club Tennis ပြိုင်ပွဲအတွက် အလှူငွေကျပ်သိန်း ၅၀ နှင့် ရှယ် Family ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်အတွက် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၁၇သိန်းခြောက်သောင်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းက အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာစီပီလိုက်ဖ်စတော့စ်ကုမ္ပဏီမှ အကြံပေးအရာရှိ ဦးအောင်ဒင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ဒိုင်အဖွဲ့ဝင်များအား အမှတ်တရပစ္စည်းများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော တိပိဋကစာမေးပွဲကြီးတွင် ထူးချွန်စွာ အောင်မြင်တော်မူသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား (၈၄)ကြိမ်မြောက် ပိဋကတ်တော် အလှူပွဲကြီးကို လမ်းမတော် မြို့နယ် ၁၄လမ်းထိပ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပရာ မြန်မာပြည် ဗုဒ္ဓဘာသာပုညကုသလ အသင်းဥက္ကဋ္ဌ ဦးစောဖေညွှန့်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့က အရှင်သူမြတ်တို့အား ပိဋကတ်တော် စာအုပ်များနှင့် အနာမာသဝတ္ထုများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၅၇)

အာဆီယံပြန်ကြားရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

ASEAN Information Seminar Series (Fy 2003 -2004) Understanding ASEAN ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင် မန္တလေးမြို့ Mandalay Swan Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ Understanding ASEAN ဆွေးနွေးပွဲ ဦးဆောင်ပုဂ္ဂိုလ် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် မန္တလေးမြို့ပေါ်နှင့် မန္တလေးမြို့ ပတ်ဝန်းကျင်မှ တပ်မတော်အရာရှိများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အဆင့်မြင့်နှင့် အခြေခံပညာ ဦးစီးဌာနတို့မှ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် အခမ်းအနားမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(စီမံ) ဦးဖုန်းမြင့်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားပြီး အခမ်းအနားစတင် ဖွင့်လှစ်ကြောင်း ကြေညာသည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ နံနက် ၉နာရီခွဲတွင် ဆွေးနွေးပွဲ ပထမပိုင်းအစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဆောင်ရွက်ပြီး အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက Overview on ASEAN နှင့် ပတ်သက်၍ လည်းကောင်း၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင့်ဆွေက Political and Security Co-operation အကြောင်းအရာနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာန ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်ကြည်က ASEAN Functional Co-operation အကြောင်းအရာနှင့်ပတ်သက်၍ လည်းကောင်း အသီးသီး ဆွေးနွေးကြပြီး ဆွေးနွေးပွဲ နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ပါဝင်ဆွေးနွေး

ဆက်လက်၍ မွန်းလွဲ ၁နာရီခွဲတွင် ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက ဆောင်ရွက်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ASEAN COCI and Information Sector အကြောင်းအရာနှင့် ပတ်သက်၍လည်းကောင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နန္ဒာမွန်းက Culture Sector အကြောင်းအရာနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနဌာနမှူး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်က Narcotic Drugs Control and Transnational Crimes အကြောင်းအရာနှင့် ပတ်သက်၍လည်းကောင်း အသီးသီး ပါဝင်ဆွေးနွေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် ASEAN Information Seminar Series (Fy 2003 -2004) စီမံကိန်းအတွက် Understanding ASEAN ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည့် မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကာ သဘာပတိ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ညနေ ၅နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ASEAN Information Seminar Series (Fy 2003-2004) Understanding ASEAN ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

➪ ပြည်နယ်နှင့် တိုင်းမှ

နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် အင်တိုက်အားတိုက် ကြိုးစားကစားခဲ့ကြသည်။ မွန်ပြည်နယ်က ကစားကွက်ရောတစ်ဦးချင်းပါ သာလွန်ရှိသာမက အပြီးသတ်ဂိုးသွင်းပါ သေချာ၍ ဗိုလ်လုပွဲသို့ တက်သွားခြင်းဖြစ်သည်။

ဒုတိယဂိုး

ပွဲစကတည်းက မွန်ပြည်နယ်က တရစပ်တိုက်စစ်ဆင်ရာ ငါးမိနစ်တွင် စန်းစန်းကြူက ပြစ်ဒဏ်ဘောလုံးကို ဂိုးရှေ့ကန်တင်ပေးရာ နွယ်နွယ်စိုးက ခေါင်းတိုက်သွင်းယူလိုက်၍ မွန်ပြည်နယ်အသင်း ဖွင့်ဆော်ဦးဂိုး ရရှိသွားသည်။ မွန်ပြည်နယ်က ၁၈မိနစ်တွင် ဘိုလှ အဝေးမှကန်သွင်းရာ မန္တလေးဂိုးသမား ခိုင်နွယ်ဝင်း ဖမ်းရာ ပြန်အန်ထွက်လာစဉ် အသင်းခေါင်းဆောင် စန်းစန်းကြူက ပြေးကန်လိုက်၍ မွန် ဒုတိယဂိုးရရှိခဲ့သည်။

နှစ်ဂိုးရပြီးနောက်ပိုင်းတွင် မွန်ကစားပုံ လေးသွားသောကြောင့် မန္တလေး ဖိကစားလာနိုင်သည်။ ပထမပိုင်းပြီးရန် သုံးမိနစ်အလိုတွင် စန်းယုနိုင်က အဝေးမှကန်သွင်း၍ မန္တလေးအတွက် ချေပဂိုးတစ်ဂိုး ရသည်။

ဒုတိယပိုင်းအစတွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ခွင့်များ ရရှိသော်လည်း ဂိုးရအောင် မသွင်းနိုင်ကြချေ။ ၃၅မိနစ်ကျမှ မွန်ပြည်နယ်က တန်ပြန်တိုက်စစ်မှတစ်ဆင့် စန်းစန်းကြူက ကွင်းလယ်သာသာမှ ဆွဲပြေးကာ ကန်သွင်းလိုက်၍ မွန်ပြည်နယ် တတိယဂိုး ရရှိသွားသည်။ ပွဲအပြီးတွင် မန္တလေးက အရှုံးဂိုးမချေနိုင်၍ မွန်ပြည်နယ်က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မွန်ပြည်နယ်အသင်းသည် ယမန်နှစ်ကလည်း နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သလို ယခုနှစ်တွင်လည်း ထပ်မံ တက်ရောက်ခြင်းဖြစ်သည်။

ရောနှင့် ရန်ကုန်

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းတို့သည် ဧပြီ ၄ရက် (ယနေ့)ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

မန္တလေးတိုင်း တိုက်စစ်ကို မွန်ပြည်နယ်နောက်ခံလူများ ဖျက်ထုတ်ကြစဉ်။ (ကြေးမုံ)

တပ်မတော်နေ့ စာပေအနုပညာပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ပြပွဲကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသလျက်ရှိရာ အဆိုပါ ပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၇၀၀ကျော် လာရောက်ကြည့်ရှု လေ့လာကြသည်။

ပြပွဲ၌ ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ် ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကို ချီးမြှင့်ပေးသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကြီးကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲကြပါစို့

သုခနု

မြန်မာတို့၏နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကြီးကားမကြာမီ ကျင်းပတော့မည်ဖြစ်သည်။ နှစ်သစ်ကူးခြင်းဆိုသည်မှာ အဟောင်းမှ အသစ်သို့ ကူးပြောင်းခြင်းပင် ဖြစ်သည်။ ထို့ကြောင့်လည်း ကမ္ဘာပေါ်ရှိ ယဉ်ကျေးသော လူမျိုးတိုင်းသည် နှစ်သစ်ကူးခြင်းကို မင်္ဂလာဟုခံယူကာ ဝမ်းပန်းတသာ ကြိုဆိုတတ်ကြသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူညီခြင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်မတူညီခြင်းကြောင့် နှစ်သစ်ကို ကြိုဆိုပုံခြင်းကား ကွဲပြားခြားနားကြပေသည်။

မြန်မာလူမျိုးများကား နှစ်သစ်ကူး ပွဲတော်ကြီးကို မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဟု ခေါ်ဝေါ်သမုတ်သဖြင့် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ယဉ်ကျေးမှုအရ ဆင်နွှဲခဲ့ကြသည်မှာ သိသာထင်ရှားပေသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟူသော စကားနှင့်အညီ နှစ်သစ်ကူးပွဲတော်ဆင်နွှဲသည့် တန်ခူးလသည် ပူပြင်းခြောက်သွေ့သောလပင်ဖြစ်သည်။ သို့သော် သဘာဝတရားသည် ပူပြင်းခြောက်သွေ့မှုကို ပြန်လည်အေးချမ်းစေရန် တောတောင်တစ်ခွင်လုံးရှိ သစ်ပင်၊ ပန်းပင်တို့တွင် ရွက်နု၊ ရွက်သစ်များဝေ၍ ရာသီပန်းများ ဖြစ်ကြသည့် ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်း၊ ငုရွှေဝါပန်းတို့ဖြင့် ဖူးပွင့်သင်းပျံ့နေပြန်သည်။

တန်ခူးလသည် မြန်မာနှစ်ဦးလလည်း ဖြစ်သည်။ မိုးလေကင်းစင်ပြီး နေမင်းကလည်း ထွန်းလင်းတောက်ပနေသည်။ ရာသီဥတုကလည်း သာယာသည်။ သို့သော် အပူကဲသဖြင့် လူတို့သည် အေးမြမှုကို အလိုရှိကြပေသည်။ အပူကို အေးမြစေသည်ကား ရေပင်ဖြစ်သည်။ ထို့ကြောင့်

မြန်မာ့ရိုးရာမဟာသင်္ကြန်တွင် တိုင်းရင်းသူကလေးများကလည်း အက၊ အလှ၊ သဘာဝဖြင့် ဤသို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတွင် ရေဖြင့် ပက်ဖျန်းကာ နှစ်သစ်ကို ကြိုဆိုကြခြင်း ဖြစ်သည်။

မြန်မာတို့သည် နှစ်သစ်ကူးတွင် တစ်ဦးနှင့် တစ်ဦး ရေနှင့်ပက်ဖျန်းကြသည်မှာ အပူသိမ်း၍ အေးငြိမ်းစေရုံသာ မဟုတ်ပေ။ နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်သို့ ကူးပြောင်းယူဆောင်သွားခြင်းမပြုဘဲ ဆေးကြောသန့်စင်သည့်သဘောလည်း ပါဝင်ပေသည်။ ထို့ပြင် ရေ၏သဘောမှာ ရေကိုသား၍ အကြားမထင်ဟု ဆိုရိုးစကားရှိသည်နှင့်အညီ ခွဲခြား၍မရသော သဘောကို ဆောင်နေသည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားပြည်သူများ၏ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အေးအတူပူအမျှ အတူတကွ နေထိုင်ကြသည့် သဘောကိုလည်း ဆောင်နေပြန်သည်။ ထို့ကြောင့် သင်္ကြန်ရေ ပက်ဖျန်းခြင်းသည် အေးမြခြင်း၊ သန့်စင်ခြင်း၊ ညီညွတ်ခြင်းစသည့် ဂုဏ်များနှင့် ပြည့်စုံနေသည်ကို တွေ့မြင်ကြရပေသည်။

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးမှာ မြန်မာလူမျိုးများ အမြတ်တနိုး တန်ဖိုးထားကြသည့် မွန်မြတ်သန့်စင်လှသည့် ရိုးရာပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ မဟာသင်္ကြန် ပွဲတော်ကာလအတွင်း ပျော်ပျော်ရွှင်ရွှင် ရင်းနှီးချစ်ကြည်စွာ ရေပက်ကစားခြင်းအပြင် ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ သက်လွှတ်ပွဲများ ပြုလုပ်ခြင်း၊ သွေးလှူဒါန်းခြင်း၊ လူကြီးမိဘ သက်ကြီးရွယ်အိုများအား ပြုစုခြင်းစသည့် ဘာသာရေးနှင့် ယဉ်ကျေးမှု ပေါင်းစပ်ပါဝင်သည့် အစဉ်မြတ်နိုး တန်ဖိုးထားဖွယ် ပွဲတော်ကြီးတစ်ခု ဖြစ်သည်နှင့်အညီ မြန်မာလူမျိုးများအားလုံးက ယခုအချိန်ထိ အလေးထား ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်းဖြစ်ကြောင်း။

နှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် ဘာသာရေးပွဲမဟုတ်သော်လည်း မြန်မာလူမျိုးတို့သည် ဘာသာရေးနှင့် ယဉ်ကျေးမှုပေါင်းစပ်ကာ အစဉ်အလာကောင်းတစ်ရပ်ကို အစဉ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

ထို့ကြောင့် အစဉ်အလာကောင်း သင်္ကြန်အခါတွင် ရေပက်ကစားသည့် ပျော်ပွဲရွှင်ပွဲတစ်ခုတည်းကိုသာ ဦးစားမပေးဘဲ သင်္ကြန်ရက်အတွင်းတွင် အလှူဒါနပွဲများကိုလည်း ခြိမ့်ခြိမ့်သဲဆင်နွှဲခဲ့ကြပေသည်။ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်များကို နာကြားခြင်း၊ ဘုရားပုထိုး ရှိခိုးပူဇော်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း၊ ကျောင်းကန်ဇရပ်တန်ဆောင်းများ သန့်ရှင်းခြင်း၊ သက်ကြီးရွယ်အိုများအား တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ဘိုးဘွားမိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများကိုလည်း ပြုလုပ်ကြပေသည်။

ထို့ပြင် နှစ်ဆန်းတစ်ရက်နေ့တွင်လည်း ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ကျေးရွာအလိုက်ရဟန်း သံဃာတော်များ ပင့်ဖိတ်ကာ အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ရေခန်းလုနီး ဖြစ်နေသော အင်းအိုင်၊ ချောင်းမြောင်းများမှ ငါး၊ ပုစွန်စသည်တို့ကို ဖမ်း၍လည်းကောင်း၊ ဈေးထဲမှ ငါး၊ ပုစွန်များ ဝယ်ယူ၍

> ## ကပြဖျော်ဖြေ
>
> **မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ကာလတွင် ပြည်သူအများ လွတ်လပ်ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုကိုလည်း အစဉ်ထိန်းသိမ်းကာ ရေပက်ခံသူများအား ရိုးရာမပျက် သင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေ ကြသည်။**

လည်းကောင်း ရေများရာမြစ်ထဲသို့လွှတ်ခြင်း၊ ကြက်၊ ငှက်၊ ကျွဲ၊ နွား တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း စသည့် မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုများကို ပြုလုပ်တတ်ကြပေသည်။

တိရစ္ဆာန်များကို ဘေးမဲ့လွှတ်သည်ဆိုရာ၌လည်း ဤအတိုင်းလွှတ်လိုက်သည်မဟုတ်။ ရွှေရည်၊ ငွေရည်ဖျန်းကာ အတီးအမှုတ်အကအခုန်များဖြင့် ဘေးမဲ့လွှတ်သည့်နေရာအရောက် သွားရောက်ပို့ဆောင်ကြခြင်း ဖြစ်သည်။

" နှစ်သစ်ကူးတဲ့၊ တန်ခူးခါမှာ
ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ
ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာဆင့်ရော့"

ကဗျာစာဆိုကျော် ဆရာဇော်ဂျီ၏ **"တစ်ခုသောသင်္ကြန်ခါ"** ဟူသော ကဗျာကလေးထဲမှ အထက်ပါစာပိုဒ်ကလေးကို ကြည့်ရုံမျှဖြင့် မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်၏ သရုပ်သကန်ကို သိမြင်နိုင်ပေသည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် နှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် အထူးခြားဆုံးနှင့် အစည်ကားဆုံး ပွဲတော်တစ်ခုဖြစ်သည်။ နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်သူများမှာလည်း အခြားရာသီပွဲတော်များထက် ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲကြပေသည်။ သို့သော် အထက်ပါကဗျာကလေးကဲ့သို့ပင် ကုသိုလ်ရေးကိုလည်းမမေ့ကြပေ။ ဤသည်မှာလည်း မြန်မာတို့၏ ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ခုပင်ဖြစ်သည်။

သို့သော် ကောင်းမြတ်သည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များကို ဖျက်ဆီးမည့် တိုင်းတစ်ပါး ယဉ်ကျေးမှုများသည် မြန်မာ့ယဉ်ကျေးမှုတွင် ဆွမ်းဆန်ထဲ ကြွက်ချေးရောသကဲ့သို့ ဝင်ရောက်လာတတ်ကြသည်။ ဤသည်ကို အချို့သောလူငယ်လူရွယ်များသည် မသိနားမလည်ဘဲ လက်ခံလာကြသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော အပြောအဆိုအမူအကျင့်၊ ဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်မှုများကို မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ထဲ သွတ်သွင်းလာကြပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယနေ့အချိန်အခါတွင် မျိုးဆက်သစ်လူငယ်များကြား မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းသွားရန် ဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် အချိန်လည်း ဖြစ်ပေသည်။ ထို့ကြောင့် မဟာသင်္ကြန်ကာလအတွင်း လူငယ်၊ လူရွယ်များအပါအဝင် ပြည်သူများ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရင်း စိတ်အေးပျော်ရွှင်ချမ်းမြေ့စွာ ပျော်ပျော်ပါးပါးဆင်နွှဲနိုင်စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့ရိုးရာ မဟာသင်္ကြန်အတွင်း စနစ်တကျ ရေကစားသူများအဖို့ ပျော်ရွှင်ချမ်းမြေ့မှုကို ခံစားရမည်ဖြစ်သကဲ့သို့ စည်းကမ်းမဲ့သူများ၊ အပျော်လွန်သူများအနေဖြင့် မူးယစ်ရမ်းကားမှုများနှင့်အတူ ခိုက်ရန်ဖြစ်ပွားခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းစသည့် မကောင်းသောဆိုးကျိုးများကို ခံစားကြရမည်ဖြစ်ပေသည်။

ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနေသည့် တိုင်းရင်းသူလှပျိုဖြူကလေးတစ်ဦးကို ဤသို့ တွေ့ရသည်။

ထို့ကြောင့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့်အညီ ကျင်းပနိုင်ရေးအတွက် လူငယ်လူရွယ်များအပါအဝင် ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲကြပါစို့ဟု ရေးသားဖော်ပြလိုက်ရပေသည်။ ။

လက်ထပ်ပြီးစီးခြင်း

အင်းစိန်မြို့နယ် (ဂ)ရပ်ကွက်၊ အမှတ်(၂၅)နေ၊ ပြန်ကြားရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးသိန်းစိန်+ ဒေါ်ခင်ခင်ဝေ တို့၏သားအထွေး
မောင်သိန်းအောင်ဆော် B.A (Myanmar) Final A. G. T. I
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - 3) နှင့်
စမ်းချောင်းမြို့နယ်၊ ဗလွန်လမ်း၊ အမှတ်(၄၆)နေ၊ လက်ထောက်ကထိက(ငြိမ်း)
ဦးရဲတင့်+ ဒေါ်မြင့်ရီတို့၏သမီးကြီး
မစုစုဦး B.A (History)
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - 3) တို့သည်
(၂၂-၃-၂၀၀၄)ရက်နေ့တွင် တရားသူကြီးချုပ် ဦးအောင်တိုး၏
ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါ၍ (၂-၄-၂၀၀၄)နေ့တွင်
ခင့်ပမိုယာဉ္စကာသင်တိုက်တွင် မင်္ဂလာဦးဒါနဆွမ်းကျွေးစည်းခံပြီးဖြစ်ပါသည်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

အမေရိကန်ပြည်ထောင်စု၊ LOS ANGELES မြို့နေ
ဦးတင်ထွင့်-ဒေါ်ခင်အေးကြွယ်တို့၏သား
မောင်အောင်အေးထွင့်
နှင့်
ရန်ကုန်မြို့၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ
ဒေါက်တာသန်းအောင်-ဒေါက်တာဒေါ်မှီမှီသိန်းတို့၏သမီး
မမြတ်သဉ္ဇာအောင်

တို့၏ ၃-၄-၂၀၀၄ရက်(စနေနေ့)တွင် ရန်ကုန်မြို့၊ Sedona Hotel (Grand Ball Room)ခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာညစာခံပွဲသို့ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်တို့ကို ချီးမြှင့်ပေးပါသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ၉-၂-၂၀၀၄ရက်(တနင်္လာနေ့)တွင် အင်္ဂလန်နိုင်ငံ၊ မြန်မာသံရုံး၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော အင်္ဂလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါက်တာ ဦးကျော်ဝင်းနှင့်ဇနီး၊ မင်္ဂလာညစာခံပွဲနှင့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော တပ်မတော်နှင့် နယ်ဘက်ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ ဒေါ်နွဲ့ယဉ်ဝင်း၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်ဒေါ်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Evening Star တေးဂီတအဖွဲ့၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော ဇင်ဇင်ရဲနိုင်နှင့် ဧကရီရဲနိုင်၊ မိတ်ကပ်အလှဖန်တီးရှင်အောင်အောင်၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးသော မမဥ္စူ၊ မေတ္တာဖြင့်ကူညီပေးသော ဓာတ်ပုံဦးစန်းအောင်၊ Video /ဓာတ်ပုံ မောင်မောင်ညွှပ်၊ Sedona Hotel ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်အေးထွင့်-မမြတ်သဉ္ဇာအောင်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်း၍ အင်္ဂလိပ်စာသင်တန်း

(အမျိုးသမီးများသီးသန့်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့၏ ပူးပေါင်းအစီအစဉ်ဖြင့် အမျိုးသမီးများအတွက် အင်္ဂလိပ်စကားပြောသင်တန်း (Communicative English)ကို ၂၄-၄-၂၀၀၄မှစ၍ အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်။

သင်တန်းကာလ။ ။နှစ်လ
သင်တန်းနေရာ။ ။အထက(၃)မင်္ဂလာတောင်ညွန့်
၄၂၊ အထက်ပန်းဆိုးတန်း
(အောင်ဆန်းကွင်းနှင့်မျက်နှာချင်းဆိုင်)
သင်တန်းအချိန်။ ။ စနေ၊ တနင်္ဂနွေ(၉း၀၀-၁၁း၀၀)

သင်တန်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့်အချက်အလက်အသေးစိတ်နှင့် လျှောက်လွှာပုံစံတို့ကို အထက်ဖော်ပြပါ အထက(၃) မင်္ဂလာတောင်ညွန့်၊ ဖုန်း-၃၇၅၂၁၃နှင့် ဖုန်း-၃၈၀၈၀၄တို့တွင် ရယူစုံစမ်းနိုင်ပါသည်။
(လူဦးရေကန့်သတ်မှုရှိပါသဖြင့် ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။)

Q.E.L.C (Language Centre)
B.A (English) Diploma in ELT, Cambridge Certificate in ELT
4 Skills English (Basic) April (26)
April (24)
English Skills Foundation
IELTS, TOEFL, Writing, Grammar: April (24)

B.A (English) Dip. in E.L.T.
Spoken English
Apr - 6, 20, 26 May - 4, 11, 16, 24
SUCCESS LANGUAGE ACADEMY
203348

ချောင်းသာ/သီးသန့်
(အဆင့်မြင့်ကား/ဝန်ဆောင်မှု)
(၂)ညအိပ်(၃)ရက်
မေ (၉) ထွက်မည်
လိုင်းလိုင်းဟိုတယ်
Golden Hope - ၇၃၃၂၂၀ ၂၀၂၇၇၇

(၃၃)နှစ်မြောက် မင်္ဂလာဆုတောင်း

အနှိုင်းမဲ့မေတ္တာ
ကရုဏာနှင့်ကြင်နာလွန်ကဲ
ခိုင်မြဲနှောင်ငင် သံယောဇဉ်နှင့်
သွန်သင်ဆုံးမ လမ်းညွှန်ပြသည့်
အနန္တ ကျေးဇူးရှင်
ချစ်ဖေဖေနဲ့ချစ်မေမေတို့ရဲ့
၄-၄-၂၀၀၄ ရက်နေ့မှာ ကျရောက်တဲ့
(၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည်
ရွှေရတု၊စိန်ရတုတိုင်အောင်
ဖေဖေ၊မေမေတို့ ချစ်မြတ်နိုးတဲ့
သား၊ သမီး၊ မြေးတို့နဲ့အတူ
ဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာ
လျှောက်လှမ်းနိုင်ပါစေလို့--
ဆုမွန်ခြွေလျက်---။

ချစ်သားသမီးများ-
ဒုတိယဗိုလ်မှူးကြီးသိန်းဆွေ-မီးမီး၊
ဗိုလ်ကြီးထွန်းအောင်လင်း-မီးငယ်၊
ဗိုလ်ကြီးအောင်စည်သူ-ချယ်ချယ်၊
ဇာနည်ဝင်းမြင့်-အေးသဉ္ဇာဝင်း၊
ချစ်မြေးများ-
သက်ထား၊စစ်သွေး၊ယွန်းယွန်း၊သဲသဲ။

ကူးသန်းရောင်းဝယ်ရေး သင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၃

သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများတွင်အမှတ်စဉ်(၁/၂၀၀၄-၂၀၀၅) စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် ရုံးလုပ်ငန်းသင်တန်းများကို ဧပြီလအတွင်း ဖွင့်လှစ်မည်ဖြစ်ရာ အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် အခြေခံပညာအထက်တန်း သင်ယူမှုအဆင့်ရှိသူများ လျှောက်ထားနိုင်သည်။

အသေးစိတ် သိရှိလိုပါက ရန်ကုန်မြို့အတွက် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းတွင်လည်းကောင်း၊ မန္တလေးမြို့အတွက် ၁၆၉၊ ၈၃လမ်း၊ စစ်ကိုင်းတန်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့အတွက် အထက်လမ်းမကြီး၊ ရွှေတောင်ရပ်တွင် လည်းကောင်း သက်ဆိုင်ရာ ကျောင်းအသီးသီး၌ စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

မိုးကုတ်ဓမ္မရိပ်သာ တရားစခန်းဝင်နိုင်

ရန်ကုန် ဧပြီ ၃

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၂၁)ရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၀၂) မြို့ဦးကျောင်း ဓမ္မရိပ်သာ၌ ရိပ်သာကမ္မဋ္ဌာနာစရိယ၊ နယ်လှည့် ဓမ္မကထိက ဦးသောပါက(ရွှေပေါက်ကံ)က နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်မှ လပြည့်ကျော်၁၂ရက် (ဧပြီ၁၀ရက်မှ ဧပြီ၁၆ရက်)ထိ ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် နှောင်းတန်ခူးလပြည့်ကျော် ၅ရက်(ဧပြီ ၉ရက်)ညနေ အရောက် လာရောက်ပါရန်နှင့် အဖွဲ့ခွဲ(၂၀၂)ဥက္ကဋ္ဌ ဦးထွန်းဦး ဖုန်း-၆၉၉၈၀၂ ထံကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

" အရောင်းအဝယ်ဆိုက်ထုတ်ပေးမည် "
(၁-၆-၂၀၀၄)
"မြင့်ထွန်း အထွေထွေရောင်းဝယ်ရေး"
(၁၃-က)
ဖုန်း- ၂၀၀၃၂၇ ၂၉၄၆၂၄ Fax : 203338

တစ်နေ့နှစ်ကြိမ်ကာရာအိုကေသီချင်းများကို DVD အရွယ်အသ၊ အရည်အသွေးသာမက DVD Function များကိုပါအပြည့်အဝရရှိစေမည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး DVD ကာရာအိုကေအခွေ များအဖြစ် ဖန်တီးတင်ဆက်ထားသည်

တစ်နေ့နှစ်ကြိမ်DVD၏ အရည်အသွေးများ
Dolby Sound System
DVD Effect
တစ်နေ့နှစ်ကြိမ် DVD IDEA

ဧပြီ၂ရက်က တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှကြီးမှူး၍ ၂၀၀၄ ခုနှစ် နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲနှင့်စည်းရုံးရေး(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂၂) ဖွင့်ပွဲကို အထက(၄) မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါက အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တပညာသင်တန်းတွင်ထူးချွန်ဆုရရှိသော မောင်ထက်ဦးဝဏ္ဏ(အမကာ၈၊ တာမွေ)အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကိုအောင်မျိုးဟိန်း အတွက်မွေးနေ့ ဆုမွန်

၄-၄-၂၀၀၄ရက်တွင် ပြည့်မြောက်သော မွေးနေ့မှသည် သက်ဆုံးတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံနိုင်ပါစေ။

ချစ်ဇနီး-နေမင်းသန့်
ချစ်သား-Babyအောင်မျိုးဟိန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၂/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက်
(၂၀၀၄ခုနှစ်၊ မတ်လ ၁၂ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ်၊ (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အကွက်ရိုက်သတ်မှတ်ထားသော လုံးခင်း၊ ဖားကန့်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များနှင့် နန့်ယားဆိပ်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ အနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံး ပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့်သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ခုနှစ် မတ်လ(၁၅)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ (သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊အပြင် ချိပ်ထိုးပြီး ၂၀၀၄ခုနှစ် မတ်လ (၁၅)ရက်မှ ၂၀၀၄ခုနှစ် ဧပြီလ(၇)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/ လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

M.B.,B.S (Ygn)

B.C.Sc, D.A (UK)

လေလံတင်ရောင်းချရန်ကြော်ငြာ

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ အောက်ဖော်ပြပါ တံတားများအား ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား တံတားတည်ရှိရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းစာများတွင် ကြော်ငြာပြီးဖြစ်ပါသည်။

သို့ဖြစ်၍ လုပ်ငန်းလိုင်စင်လျှောက်ထားလိုသူများသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(တောင်ကြီးမြို့)သို့ အမြန်လာရောက်ဆက်သွယ်နိုင်ပါရန် အသိပေးအပ်ပါသည်။

(က) တာကော်တံတား (ကွန်ဟိန်းမြို့)
(ခ) ကွန်ဟိန်းတံတား (ကွန်ဟိန်းမြို့)
(ဂ) သံလွင် (တာဆန်း)တံတား (မိုင်းတုံမြို့)

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(တောင်ကြီးမြို့)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက်
(၂၀၀၄ခုနှစ် မတ်လ ၃၁ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ(၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန်။

(ခ) နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။

(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။

(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရောင်းရငွေ ယူရို (၁၈ဒသမ၅)သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး သတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှရတနာကုန်သည် (၆၃၀)ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူကြခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့်ညှိ၍ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့လျင်မြန်စွာတင်ပို့ ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေလည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များကို ပြည်ပမှတင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ခုနှစ် မေလ(၁)ရက်မှ ဇွန်လ(၁)ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းအောင် (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်မာလေး တို့၏သားကြီး

မောင်ကျော်စိန်ထွန်း နှင့်

ရန်ကုန်မြို့နေ (ဦးသန်းထွင်၊ ဒုဌာနမှူး၊ ငြိမ်း၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ မြို့တော်စည်ပင်)-ဒေါ်ခင်လှရွှေ (ဒဂုံမြို့နယ်ပညာရေးမှူး၊ ငြိမ်း)တို့၏သမီးလတ်

မယဉ်ဦးခင်

တို့၏ ၂၈-၃-၂၀၀၄ရက်နေ့ Dusit Inya Lake Hotel ၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ချီးမြှင့်သော ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်ဇနီး ဒေါ်မြသန်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော အထက(၁)ဒဂုံ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဇနီး ဒေါ်ခင်မေအိ၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ အသိအမှတ်ပြုကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲအောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှပိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာဖြင့် ဂါရဝပြုကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စိန်ထွန်း-မယဉ်ဦးခင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း၊ ၈၇ X ၈၈လမ်းကြား၊ ပုတ္တန်းရပ်နေ
ဒေါ်နန်း၏မြေး၊
ဦးသိန်းထွန်းအောင် - ဒေါ်သီတာလွင်တို့၏ တစ်ဦးတည်းသောသား၊
ဦးသိန်းဦး - ဒေါ်မိမိခိုင်တို့၏ တူသား

မောင်ရဲမင်းထက် (Final Part-1)

မန္တလေးဆေးတက္ကသိုလ်

နှင့်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အမှတ်-၃၆၄/၃၆၅၊ ၃၆၆/၃၆၇၊ အဆင့်မြင့်(၅)ရပ်ကွက်၊ မဟာဆွေ(၆)လမ်းနေ ဦးရွှေ-ဒေါ်ကြင်လှ (မအူပင်စက်ပစ္စည်းဆိုင်)တို့၏တစ်ဦးတည်းသောသမီး၊
ဦးထွန်းဝင်း - ဒေါ်တင်တင်နွဲ့(မန်းရောဝတီ)တို့၏ တူမသမီး

နော်ယုကေခိုင် B.A (Eco°-°Q)

တို့သည် ၂၈-၃-၂၀၀၄နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

မောင်ရဲမင်းထက် - နော်ယုကေခိုင်။

နှစ်(၂၀)မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ Captain **ဦးလှအောင်** (Marine Manager) Eastwind Shipmanagement Pte. Ltd., Singapore နှင့် ချစ်မေမေ **ဒေါ်ခင်သန်းနွယ်** တို့၏ ၄-၄-၂၀၀၄နေ့တွင် ကျရောက်သော နှစ်(၂၀)မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သမီးများနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်–

ချစ်သမီးများ–

နွယ်နွယ်အောင် First Year, ECC(Nanyang Polytechnics) Singapore

ဆုရည်အောင် Secondary 4(Bukit Merah Secondary School)Singapore

လှယမင်းသွယ် Primary 2 (CHIJ "Kellock") Singapore

ဝမ်းမြောက်ချီးကျူးဂုဏ်ပြုလွှာ

[illegible]

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၄၀)နေ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ဒုတိယဗိုလ်မှူးကြီး ထွေးမောင် (ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်–ဒေါ်မြစန်း (အထက်တန်းပြ၊ ငြိမ်း)တို့၏ သားကြီး

မောင်သန့်ဇော်ထွေး B.Sc (Botany) Q, (DBS)

သရဝဏ်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၁၅)နေ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဥက္ကဋ္ဌ ဒဂုံဆိပ်ကမ်းမြို့ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်–ဒေါ်ဝေဝေသန်း တို့၏ သမီးကြီး

မဆွေဇင်ထွန်း B.Sc (Botany) Q, (DBS)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂-၄-၂၀၀၄ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး ၃-၄-၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ယုဇနဂါးဒင်းဟိုတယ်၌ ထိမ်းမြားမင်္ဂလာအခမ်းအနား ကျင်းပပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇော်ထွေးမဆွေဇင်ထွန်း။

(၂၅)နှစ်မြောက်ငွေရတုမင်္ဂလာ

ဖေဖေနှင့် မေမေတို့၏ ၂၀၀၄ခုနှစ် ဧပြီလ (၄)ရက်နေ့တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သော သားသမီးတို့နှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းရင်း နိုင်ငံအကျိုးဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သားကြီး – ကျော်ဇေစိုး(ဆေးတက္က – ပရီတိုးရီးယား)

ချစ်သားငယ် – ဗိုလ်ကျော်ဇင်စိုး

ချစ်သမီး – လင်းနန္ဒာသွင် (Pretoria University ဆေးတက္က – ပရီတိုးရီးယား)

ချစ်တူ၊ တူမများ – ထွန်းလွင်အေး၊ မသူဇာ၊ ခင်ဝါဆိုဦး၊ ဇူလိုင်ကိုကို၊ ငြိမ်းချမ်းညီညီ၊ ရဲမင်းလတ်၊ ဆုလတ်အိန္ဒြေ၊

နှစ်တစ်ရာပြည့်မွေးနေ့ဆုတောင်း

[illegible]

မင်္ဂလာဆုတောင်း

ဖေဖေ ဦးမြင့်ကြည် (A.E၊ တံတားအထူးအဖွဲ့–၁၄၊ ရတနာပုံတံတား)နှင့် မေမေ ဒေါ်မကြီးတို့ရဲ့ ဧပြီလ ၄ရက်နေ့မှာကျရောက်တဲ့ (၃၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင် ချစ်သော သားတွေနဲ့အတူ ဘဝခရီးကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

သားကြီး– ကိုကျော်မျိုးထွန်း (A.E၊ တံတားအထူးအဖွဲ့–၁၄)
မစောနီလာမောင်

မြေး– ထက်ဦးဝေ၊ သူရကျော်

သားလတ်–ကိုမျိုးမင်းကြည် (Design Engineer, Perma steelisa Pacific Holding Ltd (Singapore)

မဇင်မာဝင်း–B.E (YTU) ME (NUS, Singapore)

မြေး– ရှင်းခန့်မင်းကြည်

သားငယ်–ဗိုလ်တိုးနိုင်ထက် (M.B.,B.S) (DSMA) M.Med.Sc (Ophthalmology) Part II.

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်းပွဲကျော်ငွေခြင်းသာခန့်ထားရန်)

၁။ Sales Supervisor

[illegible]

၂။ Marketing Executive

[illegible]

၃။ Sales Representative

[illegible]

မွေးနေ့ဆုတောင်း

သမီးရတနာလေး **သီသီထွန်း**၏ ၄-၄-၂၀၀၄နေ့တွင် ကျရောက်သော တစ်နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ပျော်ရွှင်မှု၊ သာယာမှုတွေနဲ့အတူ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ–ကိုထက်ဦးလွင်ဦး
ချစ်မေမေ –ချိုချိုသန်း(ခ)သန်းသန်းချို။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၇၀၈၇ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

မဟာသင်္ကြန်အထူးအစီအစဉ်

သက်နိုင် - စက်ကိရိယာ - မှ

ဒီဇယ်/ဓာတ်ဆီသုံး – ဂျပန်ရေစုပ်စက်၊ မီးစက်၊ ရေတွန်းပန့်များကို **အထူးဈေးနှုန်းဖြင့် ငှားရမ်းပေးနေပါသည်။**

အမှတ် (၆၁)၊ အနော်ရထာလမ်း၊ ၅၄–လမ်းနှင့်၅၅–လမ်းကြား၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

☎ ၂၉၂၇၆၆၊ ၀၉၈၀၀–၂၂၈၀၅

မှတ်ချက်။ စက်အသစ်များသာ ငှားပါသည်။

စက်အရေအတွက် ကန့်သတ်ထားပါသည်။

ရက်ပိုနှုန်းမယူပါ။

မိတ်ဟောင်းများအတွက် **အထူး** Discount

အမှတ်တရလက်ဆောင် များပေးနေပါသည်။

SHISEIDO

SHISEIDO ၏ ထူးခြားသော အစီအစဉ်

မြန်မာ နှစ်သစ်ကူး အထူးလက်ဆောင်

SHISEIDO, WHITIA & ZA [illegible]

SHISEIDO မိသားစု

ရောင်းရန်

(၁)ဒဂုံတောင်ပိုင်း၊ စက်မှုဇုန်(၂)၊ (၆၄)ရပ်ကွက်၊ အင်းလေးလမ်းရှိ (ပေ ၄၀x ပေ၆၀) ၅ကွက်တွဲ(ပေ၂၀၀ x ပေ၆၀) စက်မှုဂရန်မြေပေါ်တွင် (ပေ၆၀ x ပေ၈၀) RCနှစ်ထပ်တစ်လုံး၊ (ပေ၂၀ x ပေ၄၀) BNနှစ်ထပ်တစ်လုံး၊ ခြံစည်းရိုးခတ်ပြီး၊ ၄၄၀ ဗို့ ပါဝါမီတာ ၁၀ကောင်နှစ်လုံး၊ ဖုန်းနှစ်လုံး၊ အဝီစိတွင်းနှစ်တွင်း အပါအဝင်ရောင်းရန်၊

(၂)၂၁လမ်းအပေါ်လမ်း (၁၇ပေ xပေ၄၀)RCခုနှစ်ထပ်တိုက်သစ်၊ ဖုန်းတစ်လုံး၊ မီတာနှစ်လုံး၊ ရေမော်တာတစ်လုံး၊ မြေအပိုင်ပါ၊ ရောင်းရန်။

စုံစမ်းရန်–ထွန်းမောင်၊ ၁၃၆၊ ၂၂ လမ်း၊ ရန်ကုန်မြို့။

ရောင်းမည်

–အောင်မင်္ဂလာအဝေးပြေးဝင်းတွင်းရှိ စားသောက်ဆိုင်A3နှင့် B-11, 12, 13 မျက်နှာစာ 45' x 40' ရေမီးအစုံ လူနေရ။

–မြေနီကုန်း၊ ပဒုမ္မာပန်းခြံအတွင်း ထပ်ခိုးပါ၊ ရေမီးအစုံ၊ လူနေရ။

ဖုန်း–၅၀၀၁၃၉၊ ၅၀၁၅၃၃။

မျိုး ၅ ကောင်

[illegible]

အမြန်ရောင်းမည်

[illegible]

P.E.S.

အင်္ဂလိပ်စကားပြောသင်တန်း

U Win Maw(Research)

၁၈၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း–၅၀၃၉၈၄၊ ၂၂၂၄၂၈။

[illegible]

ကန့်ကွက်နိုင်ပါသည်

